ဒါနဉ္စ စတံ မင်္ဂလ မုတ္တမံ၊ ပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၁၉)

ယနေ့ထုတ်
စောင်ရေ
၁၉၉၄၆၀

တွေ့ဆုံမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၂၅ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ အောင်ဆန်းခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စုအစိတ်အပိုင်းအားလုံး မျှမျှတတဖွံ့ဖြိုးရေး လမ်းညွှန်ထား

နိုင်ငံတော်ရွှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနှစ်ရပ် တစ်ဆင့်ပြီးတစ်ဆင့်အကောင်အထည်ဖော်ရေး တိုင်းရင်းသားများအားလုံး ပူးပေါင်းပါဝင်ပြီး ရည်မှန်းချက်အောင်မြင်အောင် ညီညီညွတ်ညွတ်ဆောင်ရွက် အမျိုးသားရေးပန်းတိုင်ရောက်ရှိစေရမည်ဆိုသည့် သန္နိဋ္ဌာန်စိတ်ဓာတ်ဖြင့်ကိုယ်စီရင်ပီ တာဝန်ယူကြိုးကြပ်

ရန်ကုန် ဇန်နဝါရီ ၂၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် လိုက်ပါလျက် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့မှတစ်ဆင့် မော်လမြိုင်ခရိုင် ရေးမြို့သို့ရောက်ရှိကြရာ မော်လမြိုင်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေးမြို့နယ် ရေးတံတားသို့ ရောက်ရှိကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက ရေးတံတားစီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻



သံလွင်တံတား (မော်လမြိုင်)

မြန်မာနိုင်ငံတွင် အရှည်ဆုံး၊ အကြီးဆုံးနှင့် တန်ဖိုးအရှိဆုံး တံတားကြီးဖြစ်လာမည့် သံလွင်တံတား(မော်လမြိုင်)ကို မြန်မာအင်ဂျင်နီယာ ပညာရှင်များကိုယ်တိုင် တည်ဆောက်ခြင်းဖြစ်၍ အင်ဂျင်နီယာသမိုင်းတွင် ဂုဏ်ပြုမှတ်တမ်းတင်ရမည့် တံတားကြီး ဖြစ်သည်။

(တံတားကြီး၏ပုံနှင့် အချက်အလက်များကို စာမျက်နှာ ၈ နှင့် ၉ တွင် ဝေဝေဆာဆာဖော်ပြထားပါသည်။) (စာတည်းမှူး)

ရထားနှင့်ကား နှစ်မျိုးသွားနိုင်သည့် ရေးတံတား

မွန်ပြည်နယ် ရေးမြို့ရှိ မော်လမြိုင် ရေးလမ်းနှင့် ရေး–ထားဝယ်လမ်းအပိုင်းကို ဆက်သွယ်ပေးသည့် ရထားနှင့်ကား နှစ်မျိုးသွားနိုင်သည့် ရေးတံတားကို တွေ့မြင်ရစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

တိုင်းရင်းသားအချင်းချင်း ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်မည့် သံလွင်တံတား(မော်လမြိုင်) သတ်မှတ်ကာလ ပြီးစီးရေး တက်ညီလက်ညီကြိုးပမ်း

ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးအခြေခံကောင်းများ ရရှိရေးတို့အတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အဓိကဖြစ်သည်။ နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ရေးကို အလေးထား ဆောင်ရွက်ပေးလျက် ရှိသည်။ လမ်းမကြီးများတိုးချဲ့ဖောက်လုပ်ခြင်းနှင့် အဆင့်မြှင့်ပေးလျက် ရှိသကဲ့သို့ မြို့ချင်းဆက်လမ်းများ၊ ကျေးလက်လမ်းများ စသည့်ကြားလမ်းများ ကောင်းမွန်ရေးတို့ကိုလည်း ဆောင်ရွက်ပေးလျက် ရှိသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ စီးပွားကုန်သွယ်မှုတိုးမြှင့်ရေးအတွက် မြဝတီ-ကော့ကရိတ်-ဘားအံ လမ်းမကြီးကို အဆင့်မြှင့်တိုးချဲ့ပြီး ရာသီမရွေးသွားလာနိုင်စေရန် စီစဉ်ဆောင်ရွက်လျက် ရှိသည်။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ စီးပွားရေးအခြေခံကောင်းများ ရရှိလာပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတိုးတက်မှုများနှင့်အတူ လူနေမှုအဆင့် တိုးတက်မြင့်မားလာမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၅ ရက်နေ့က မော်လမြိုင်ဘက်ကမ်းရှိ သံလွင်တံတား (မော်လမြိုင်)တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြပြီး ချဉ်းကပ်တံတား (မော်လမြိုင် ဘက်ကမ်း) ကိုယ်ထည်လုပ်ငန်း၊ ကွန်ကရစ်ပြားခင်းခြင်းလုပ်ငန်း၊ Over Layslab ခင်းခြင်း ရာခိုင်နှုန်းပြည့်ပြီးစီးနေမှုကို လည်းကောင်း၊ မော်လမြိုင်ဘက်ကမ်း ပင်မတံတားတိုင် အမှတ်(၂၂)မှ (၁၃) အထိ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းကို သံပေါင်သယ် သံလမ်းပြေးရထားဖြင့် လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားပြီး-

"သံလွင်တံတား(မော်လမြိုင်)မှာ တည်ဆောက်ပြီးစီးပါက မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့်အကြီးဆုံး တံတားဖြစ်မှာဖြစ်ပြီး မိမိတို့ မြန်မာအင်ဂျင်နီယာများကိုယ်တိုင် တည်ဆောက်ခြင်းဖြစ်၍ အင်ဂျင်နီယာသမိုင်းတွင် ဂုဏ်ပြုမှတ်တမ်းတင်ရမှာဖြစ်ကြောင်း၊ ထို့ကြောင့် တံတားကြီးတည်ဆောက်ရာတွင် ပါဝင်ကြသည့် မြန်မာအင်ဂျင်နီယာ ပညာရှင်များကို မှတ်တမ်းတင်ထားရန် လိုကြောင်း"

ပြောကြားသည်။

သံလွင်တံတား(မော်လမြိုင်)မှာ ရန်ကုန်-မော်လမြိုင်-မြိတ်-ကော့သောင်း လမ်းပေါ်တွင်တည်ရှိပြီး မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သံလွင်မြစ်ကိုဖြတ်ကျော်၍ မော်လမြိုင်မြို့နှင့် မုတ္တမတို့သို့ဆက်သွယ်ပေးမည့် တံတားကြီးဖြစ်သည်။

ကားလမ်းအနေဖြင့် မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတားမှာ ၁၆၂၄ပေ၊ မုတ္တမဘက်ကမ်း ချဉ်းကပ်တံတားမှာ ၂၂၅၂ ပေ၊ ရေလယ်ပင်မတံတားမှာ ၇၆၉၉ပေ စုစုပေါင်း ၁၁၅၇၅ ပေ ရှည်မည်ဖြစ်သည်။

ရထားလမ်းအနေဖြင့် မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတားမှာ ၈၇၁၆ ပေ၊ မုတ္တမဘက်ကမ်း ချဉ်းကပ်တံတားမှာ ၁၀၀၅၁ ပေ၊ ရေလယ်ပင်မတံတားမှာ ၇၆၉၉ပေ စုစုပေါင်း ၂၆၄၆၆ ပေ ရှည်မည်ဖြစ်သည်။

သံလွင်တံတား(မော်လမြိုင်)တွင် ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် အကျယ် ၁၄ ပေရှိ ရထားလမ်းတို့အပြင် ယာဉ်သွားလမ်း၏တစ်ဖက်စီတွင် ခြောက်ပေစီအကျယ် လူသွားလမ်းလည်း ပါရှိမည်ဖြစ်သည်။ ကားလမ်းနှင့် မီးရထားလမ်းတို့ ယှဉ်တွဲ၍တည်ရှိမည့် တံတားကြီးဖြစ်သည်။

တံတားတည်ဆောက်ပြီးစီးမှုမှာ မော်လမြိုင်ဘက်ကမ်း၌ ချဉ်းကပ်တံတား အုတ်မြစ်လုပ်ငန်းနှင့် ကိုယ်ထည်လုပ်ငန်း၊ ရက်မလုပ်ငန်းနှင့် အပေါ်ကြမ်းခင်းခြင်းလုပ်ငန်းများမှာ လုံးဝပြီးစီးနေပြီး မုတ္တမဘက်ကမ်း၌ အုတ်မြစ်လုပ်ငန်းနှင့် ကိုယ်ထည်လုပ်ငန်း၊ ရက်မလုပ်ငန်းတို့မှာ လုံးဝပြီးစီးနေပြီဖြစ်သည်။ ပင်မရေလယ်တိုင်၂၂တိုင်အနက် တိုင်၂၀မှာ လုံးဝပြီးစီးနေပြီး နှစ်တိုင်မှာလည်း အချောသပ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ သံပေါင်တပ်ဆင်ခြင်း လုပ်ငန်းမှာ ၂၁ ခန်းအနက် ၁၆ ခန်းမှာ တပ်ဆင်ပြီးဖြစ်သည်။ တံတားကြီးတစ်စင်းလုံးအနေဖြင့် တည်ဆောက်ပြီးစီးမှုမှာ ၇၀ ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ရာ တိုင်းရင်းသားအချင်းချင်း ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်မည့် မြန်မာနိုင်ငံတွင် အရှည်ဆုံးဖြစ်သော သံလွင်တံတား (မော်လမြိုင်) သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် တာဝန်ရှိသူ အသီးသီးက တက်ညီလက်ညီ ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

ဇန်နဝါရီ ၂၀ ရက်က ဗဟန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာဖတ်ခန်း၊ နံရံကပ် စာစောင်၊ ဓာတ်ပုံ ပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို အမက (၁၃) ဗဟန်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ဆွေ၊ ကျောင်းအကျိုးတော်ဆောင် ဒုတိယဥက္ကဋ္ဌ ဒေါ်ဆွေဆွေဟန်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၂-၂၀၀၃ ခု ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ၁၇ ရက် နံနက် ၉နာရီက အဆိုပါကျောင်း ဒဂုံသီရိခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးလှတင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာခွင့် ရက်ပျက်မရှိ တာဝန်ထမ်းဆောင်သည့် ဆရာ ဆရာမများ၊ လုပ်အားပေးကျောင်းသား ကျောင်းသူများ၊ ကျောင်းကျန်းမာရေး ဆရာဝန်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ၂၀၀၂-၂၀၀၃ခု ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး သတ္တမအဆင့်ရရှိသူနှင့် သတ္တမတန်း၊ အဋ္ဌမတန်းနှင့် နဝမတန်းတို့တွင် တန်းစဉ်ထူးချွန်ဆု ရရှိသူများအား အမှတ်(၃)အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါ်မြင့်စီ၊ ဒဂုံမြို့နယ် လက်ထောက်မြို့နယ်ပညာရေးမှူးဦးမြင့်စိုး၊ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ မင်္ဂလာတောင်ညွန့်မြို့နယ် စည်းရုံးရေးကော်မတီ နယ်မြေအတွင်းရှိ အသက် (၇၀) အထက် စစ်မှုထမ်းဟောင်းများအား သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၅ ရက်က စက်ရုံလမ်းရှိ မြို့တော်စည်ပင် ဝန်ထမ်းသင်တန်းကျောင်းခန်းမတွင်ကျင်းပရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ သုံးဘာသာဂုဏ်ထူးရှင် မအေးဖြူစံမြင့်သန်းအား မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ငြိမ်း(ငြိမ်း)က ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

(မြို့နယ်စစ်မှုထမ်း)

မဟာဗောဓိပရိယတ္တိစာသင်တိုက် ငွေရတုသဘင် ဆင်ယင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မဟာဗောဓိပရိယတ္တိစာသင်တိုက်၏ (၂၅)နှစ်ပြည့် ငွေရတုသဘင်အခမ်းအနားကိုဖေဖော်ဝါရီ၆ ရက်တွင်ကျင်းပမည်ဖြစ်ရာ ယင်းနေ့နံနက်၉နာရီတွင် စာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသအား တပည့်များက ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ ဖေဖော်ဝါရီ၇ရက် နံနက်၉ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ ဆိုဝင်ဆကျောင်း ဘုန်းတော်ကြီးက လှူဒါန်းသော ကိုရီးယား ခေါင်းလောင်းတော်ကြီး ဖွင့်ပွဲကျင်းပကာ ဖေဖော်ဝါရီ ၈ရက် နံနက်၈နာရီခွဲတွင် ပွဲကြီး အထွတ်တင် ငွေရတုမင်္ဂလာသဘင် ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မလွန်ဆန်လှူအသင်းရေစက်ချ

ရန်ကုန် ဇန်နဝါရီ ၂၆

လှိုင်သာယာမြို့နယ် အမှတ်(၁၁) ရပ်ကွက် မြခွာညိုလမ်းတွင် ဇန်နဝါရီ ၁၉ရက်က မြို့နယ်မလွန်ဆန်လှူအသင်း ထောက်မ ကြီးမှူးကျင်းပသော မလွန်ဆွမ်းဆန်လှူ ရေစက်ချအခမ်းအနားတွင် အမှတ်(၁၁)ရပ်ကွက် မိသားစုများမှ ဆွမ်းဆန်တော် အိတ်ပေါင်း ၁၈၀၀၊ နဝကမ္မအလှူငွေကျပ် ၂၇၀၀၀၀ ကျော်နှင့်သီတဂူရေအလှူတော်အတွက် ငွေကျပ် သုံးသိန်းခန့်ကို ရေစက်ချလှူဒါန်းပြီး စစ်ကိုင်းအောင်မြေဘုံစံ ဆရာတော် အရှင်စန္ဒာဓိကက အနုမောဒနာတရား ချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သီတဂူကြယ်တစ်ပွင့် တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၆

မန္တလေးပြည်ကြီးတံခွန် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာန နာယက သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇန ဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် တပို့တွဲလဆန်း ၉ရက်တွင် ဝက်လက်မြို့ ရွာသစ်ရွာ၊ ၁၀ ရက်တွင်မလှိုင်မြို့ သရက္ကောင်းပင်ရွာ၊ ၁၁ ရက်တွင် မတ္တရာမြို့(၂၄)ဆူဗုဒ္ဓပူဇနီယပွဲ၊၁၂ ရက်တွင် အမရပူရမြို့ ကန်တော်ရပ်၊ ၁၃ရက်တွင် မန္တလေး စက်မှု(၁) ဓိဇဝါလမ်း၊ ၁၄ ရက်တွင် စစ်ကိုင်းမြို့ ပန်းချီရွာ (ဆည်းဆာ) မန္တလေး ၁၉လမ်း(ည)၊ ၁၅ ရက်တွင် မန္တလေး ၁၀-၁၁ ကြား (၇၈) လမ်း ဒေါင်းဝါ အလှူတို့၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၂၅ ရက်တွင် မွန်ပြည်နယ် ရေးမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးဝါးများကို ဆေးရုံအုပ်ကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

*** နိုင်ငံတော်မှ**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရေးတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ရေးတံတားမှာ မော်လမြိုင်-ရေးလမ်းနှင့် ရေး-ထားဝယ်လမ်းအပိုင်းကို ဆက်သွယ်ပေးသည့် ရထားနှင့်ကားနှစ်မျိုးသွား တံတားဖြစ်သည်။

အဆိုပါ ရေးတံတားတည်ဆောက်ပြီးစီးသွားသဖြင့် အဆိုပါတံတားပေါ်မှ မော်လမြိုင်-ရေး-ထားဝယ်ရထား နေ့စဉ်ပြေးဆွဲလျက်ရှိသည်။ ကားလမ်းဖြင့်လည်း မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းကို အလွယ်တကူသွားလာနိုင်ပြီဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေးမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာစောမြတ်ဦးနှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဓာတ်မှန်ခန်း၊ ဆေးစတို၊ လူနာဆောင်များ၊ ခွဲစိတ်ခန်းနှင့် ပြင်ပလူနာကုဌာနတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

တိုးချဲ့တည်ဆောက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံအဆောင်သစ် တိုးချဲ့တည်ဆောက်ရန်နှင့် ဓာတ်မှန်နှင့် သွားစိုက်ခုံများ ဖြည့်တင်းပေးရေးမှာကြားသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေးမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီးဦးတင့်နှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Electronic Media (Languge Lab)၊ Printed and Display Media (Reading Corner)၊ Electronic Media (Video System)၊ Printed Media (Visual Presenter) နှင့် ကွန်ပျူတာဆောင်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌွေးဝင်းက မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ မိုးစပါး၊ နွေစပါးလျာထားချက်နှင့် စိုက်ပျိုးနိုင်မှုအခြေအနေ၊ ဒေသရိက္ခာဖူလုံမှုအခြေအနေ၊ ငရုတ်ကောင်း၊ ရော်ဘာစိုက်ပျိုးထားမှု၊ ပဲအမျိုးမျိုး စိုက်ပျိုးထားမှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းဆောင်ရွက်ထားမှုနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးခင်မောင်အေးက ရေးမြို့နယ်အတွင်း နှစ်အလိုက် ရော်ဘာတိုးချဲ့စိုက်ပျိုးမှု၊ ယခုနှစ်တွင် ရော်ဘာဧက ၅၈၈၃၀ တိုးချဲ့စိုက်ပျိုးထားမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြို့နယ်၏ လိုအပ်ချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးလုပ်ငန်းများကို စီမံဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ မိမိတို့အဖွဲ့ ရေးမြို့သို့ ရောက်ရှိလာပြီး ရေးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မြို့စည်ပင်သာယာရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီးဖြစ်ကြောင်း။

ယခုမြို့နယ်တာဝန်ရှိသူများ၏ တင်ပြချက်များအရသော်လည်းကောင်း၊ လေ့လာတွေ့ရှိချက်များ အရသော်လည်းကောင်း၊ ရေးမြို့နယ်အတွင်း နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် ရေးမြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် နှစ်ထပ်တိုးချဲ့ဆောင်တစ်ခု ထပ်မံတည်ဆောက်ရေးအပါအဝင် ဆေးရုံအတွက် လိုအပ်မည့် ဆေးရုံသုံးပစ္စည်းများကိုပါ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် လိုအပ်သည့်နေရာများတွင် ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ ဖွင့်လှစ်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း။

အလားတူပင် ပညာရေးကဏ္ဍတွင်လည်း ဤမြို့နယ်အတွင်း နေထိုင်လျက်ရှိနေကြသည့် လူငယ်လူရွယ်များ ပညာရည်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကောင်းများရရှိစေရေးအတွက် အခြေခံမူလတန်းကျောင်းမရှိသေးပါကလည်း မူလတန်းကျောင်းများအဖြစ် ခွင့်ပြုချက်များဖြင့် အခြေခံမူလတန်းကျောင်းမှ အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့် ခွင့်ပြုချက်များကို စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

လူမှုဘဝတိုးတက်လာနိုင်

နိုင်ငံတော်အစိုးရက အခြေခံကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ခရိုင်နှင့် မြို့နယ် တာဝန်ရှိသူများ အောက်ခြေအရောက်သွားရောက်ပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေပြည်သူများ စီးပွားရေးတိုးတက်လာရေးအတွက် စေတနာအပြည့်အဝထားပြီး အလေးထားဆောင်ရွက်ပေးသွားကြရန်မှာကြားလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအောင်မြင်ပါမှ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ပြီး ဒေသနေပြည်သူများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာနိုင်မှာဖြစ်ကြောင်း။

ဦးဆောင်ဦးရွက်ပြု

ယခင်က ဤဒေသတွင် မိရိုးဖလာစိုက်ပျိုးခဲ့ကြသည့် ဥယျာဉ်ခြံမြေစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းလာစေရေးအပြင် နိုင်ငံတော်က စီမံကိန်းရည်မှန်းချက်များ ချမှတ်ပေးထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေး စီမံကိန်းလုပ်ငန်းများအောင်မြင်စေရအောင် သက်ဆိုင်ရာဌာနများက နည်းပညာနှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများပေးပြီး ဦးဆောင်ဦးရွက်ပြုဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှာ ရော်ဘာအဓိက စိုက်ပျိုးကြသည့်ဒေသများဖြစ်ကြောင်း၊ အဓိကစိုက်ပျိုးဖြစ်ထွန်းနေသည့်လုပ်ငန်းများ လျော့ပါးမှုမရှိစေဘဲ ပိုမိုတိုးတက်လာအောင် နည်းပညာနှင့် မျိုးအပါအဝင် ပံ့ပိုးဆောင်ရွက်ပေးရန်များကို ပံ့ပိုးပေးသွားကြရမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၂၅ ရက်တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သင်ကြားမှုသင်ယူမှု အထောက်အကူပြုစာသင်ခန်းများအတွင်း လေ့ကျင့်သင်ကြားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စေတနာရှေ့ထား

မြို့နယ်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများအားလုံးက မိမိတို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်အစိုးရက ချမှတ်ပေးထားသည့် ကျေးလက်ဒေသလုပ်ငန်းစဉ်ငါးရပ် အောင်မြင်ဖြစ်ထွန်းပြီး ကျေးလက်နေပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရေးတို့အတွက် အခြေခံကျေးလက်ဒေသများအရောက်သွားပြီး ကိုယ်ဖိရင်ဖိ စေတနာရှေ့ထားပြီး ကြိုးစားဆောင်ရွက်ပေးကြရေး မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရေးမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံနှင့် သင်ထောက်ကူပစ္စည်းများကို မြို့နယ်ပညာရေးမှူးအားလည်းကောင်း၊ ရေးမြို့ပြည်သူ့ဆေးရုံအတွက် ဆေးဝါးများကို ဆေးရုံအုပ်အားလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သံဖြူဇရပ်မြို့သို့ ရောက်ရှိကြရာ သံဖြူဇရပ်တပ်နယ်မှူး ဗိုလ်မှူးကြီးခင်မောင်စိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက သံဖြူဇရပ်မြို့နယ် မိုးစပါး၊ နွေစပါးလျာထားချက်၊ စိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ နှစ်ရှည်ပင် ရော်ဘာ၊ စည်သပြေ၊ သစ်ဆိမ့်၊ ငရုတ်ကောင်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံစိုက်ပျိုးထားမှု၊ ရေငန်ပုစွန်မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ ငရုတ်ကောင်း၊ရော်ဘာစိုက်ပျိုးရေး၊ ဒေသဝမ်းစာဖူလုံရေး လုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင်-

မိမိနှင့်အတူ ဒေသတာဝန်ခံများ၊ ဝန်ကြီးများပါဝင်သည့်အဖွဲ့သည်ယမန်နေ့က ကရင်ပြည်နယ် ကော့ကရိတ်နှင့် မြိုင်ကြီးငူဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ယနေ့ မွန်ပြည်နယ် ရေး၊ သံဖြူဇရပ်၊ မုဒုံ၊ မော်လမြိုင်မြို့နယ်များသို့လည်းကောင်း လာရောက်ပြီး မြို့နယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေး အထောက်အကူပြုစေမည့် ဒေသလိုအပ်ချက်နှင့် ဆောင်ရွက်ဖွယ်ရာများကို ပံ့ပိုးမှာကြားကာ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တက်ညီတက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြမည်ဆိုသည့် သဘောထားဖြင့် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ယနေ့နံနက်ပိုင်းက ရေးမြို့သို့ ရောက်ရှိပြီး ရေးမြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးတို့ကို အထောက်အကူပြုစေမည့် ပံ့ပိုးဆောင်ရွက်ဖွယ်ရာများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခု သံဖြူဇရပ်မြို့နယ်သို့ ရောက်ရှိသည့်အခါတွင်လည်း ပညာရေး၊ ကျန်းမာရေး အပါအဝင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ကျေးလက်ဒေသလုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးတို့ကို အထောက်အကူဖြစ်စေရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင် ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

မျှမျှတတဖွံ့ဖြိုးအောင်

ယနေ့အချိန်အခါတွင် နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များကိုယ်တိုင် နိုင်ငံအနှံ့အောက်ခြေဒေသများအထိ အရောက်သွားပြီး ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရအောင် ပံ့ပိုးဆောင်ရွက်ပေးသင့်သည်များကို ချက်ချင်း ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒီလိုအချိန်အခါမျိုးတွင်ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများအားလုံးကလည်း မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် တာဝန်သိသိ၊ စေတနာရှိရှိဖြင့် ဝီရိယစိုက်ထုတ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးကြဖို့ မှာကြားလိုကြောင်း။

အဆင့်ဆင့်ကြပ်မတ်

တင်ပြချက်အရ သံဖြူဇရပ်မြို့နယ် အနေဖြင့် ဒေသဝမ်းစာဖူလုံမှု ရာနှုန်းပြည့်မီရေးကို ရည်မှန်းချက်ပါအတိုင်း နည်းလမ်းရှာဖွေ ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ထို့အပြင် မြို့နယ်အတွင်း ယခင်က စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသည့် ရော်ဘာစိုက်ပျိုးရေးအပါအဝင် အခြားသော စိုက်ပျိုးမှုလုပ်ငန်းများ ပိုမိုတိုးတက်မှုရှိအောင် ဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ ငရုတ်ကောင်း၊ ရော်ဘာကဲ့သို့ ရည်မှန်းချက်ပေးထားသည့် စီမံကိန်းများအောင်မြင်စေရန်ကိုလည်း အဆင့်ဆင့်ကြပ်မတ် ဆောင်ရွက်သွားကြရန်လိုကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁

ခါဒီယာရှိ အမေရိကန်စစ်ဆေးရေးစခန်းအနီး ကားဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၆

ဘဂ္ဂဒက်အနောက်ဘက်ရှိ ခါဒီယာမြို့တွင် အမေရိကန်စစ်ဘက်စစ်ဆေးရေး စခန်းတစ်ခုအနီး၌ ဇန်နဝါရီ၂၄ရက်က ပြင်းထန်သော ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။

ခါဒီယာ၌ စစ်ဘက်စစ်ဆေးရေးစခန်းတွင် ယမန်နေ့က ကားဗုံးပေါက်ကွဲခဲ့ရာ၌ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေပြီး ခြောက်ဦးဒဏ်ရာရခဲ့သည်။ အီရတ် အများအပြားလည်း ဒဏ်ရာရသည်။

ပေါက်ကွဲမှုမှာ ကားဗုံးဖြစ်ပုံရပြီး ခါဒီယာရှိ ဆစ်ဒီကင်တံတားခြေရင်းမှ အမေရိကန်စစ်ဆေးရေးစခန်းအနီး၌ ဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ထိုသို့ကားဗုံးမပေါက်ကွဲမီ အစောပိုင်းခြောက်နာရီခန့်ကလည်း အမေရိကန်တပ်ဖွဲ့ဝင်များ၏ ယာဉ်တန်းကို ဖော်လူဂျာမြောက်ဘက်၌ လက်လုပ်ဗုံးဖြင့် တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသည်။

(အင်တာနက်)

ဇန်နဝါရီ ၂၅ရက်က အီရတ်နိုင်ငံခါဒီယာမြို့ရှိ အမေရိကန်စစ်ဆေးရေးစခန်းအနီးတွင် ကားဗုံးဖောက်ခွဲမှုတစ်ရပ် ဖြစ်ပွားပြီး နောက်ပျက်စီးသွားသော ယာဉ်တစ်စီးကို အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ကိုစစ်တိုက်ရန် ဘုရှ်အစိုးရကွန်ဂရက်ကို လှည့်စားခြင်းရှိမရှိ လွတ်လပ်သောကော်မရှင်အဖွဲ့ စစ်ဆေးပေးရန် အမတ်ဂျွန်အက်ဒ်ဝပ် တောင်းဆို

လာကိုနီယာ ဇန်နဝါရီ ၂၅

ဘုရှ်အစိုးရသည် အီရတ်ကို စစ်ပွဲဆင်နွှဲသည့်ကိစ္စတွင် အမေရိကန်ကွန်ဂရက်ကို လှည့်စားခဲ့ခြင်း ရှိမရှိ လွတ်လပ်သော ကော်မရှင်အဖွဲ့တစ်ဖွဲ့က စစ်ဆေးပေးရန်နှင့် စစ်ပွဲအားခေါင်းပုံဖြတ်အမြတ်ကြီးစားခြင်းကို အဆုံးသတ်ရန် ဒီမိုကရက်တစ်သမ္မတလောင်းမျှော်လင့်ထားသော ဂျွန်အက်ဒ်ဝပ်က စနေနေ့၌ တောင်းဆိုလိုက်သည်။

မြောက်ကာရိုလိုင်းနား အထက်လွှတ်တော်အမတ်ဂျွန်အက်ဒ်ဝပ်သည် သောကြာနေ့၌ ရာထူးမှ နုတ်ထွက်ပြီးနောက် အမေရိကန် လက်နက်စစ်ဆေးရေးအကြီးအကဲဟောင်း ဒေးဗစ်ကေးပြောကြားခဲ့သည့်မှတ်ချက်ကို မဆိုင်းမတွ အလိုက်သင့်တုံ့ပြန်လိုက်ခြင်းဖြစ်သည်။ ဒေးဗစ်ကေးက အီရတ်၌စုပုံသိုလှောင်ထားသော ဇီဝနှင့်ဓာတုလက်နက်များမရှိကြောင်း မိမိကောက်ချက်ချခဲ့သည်ဟု ပြောဆိုခဲ့သည်။

တောင်းဆို

ယင်းကိစ္စသည် အရေးကြီးကြောင်း၊ အီရတ်၌တွေ့ရှိချက်နှင့် ယခင်က မိမိတို့ပြောကြားချက်နှစ်ခုကြား ကွာဟချက်ကို စုံစမ်းရန်လွတ်လပ်သော ကော်မရှင်အဖွဲ့ကို မိမိတောင်းဆိုခြင်းဖြစ်ကြောင်း အက်ဒ်ဝပ်က သတင်းထောက်များကို နယူးဟမ်ရှိုင်းယား၌ ပြောကြားသည်။ အက်ဒ်ဝပ်သည် အီရတ်ကိုစစ်ပွဲဆင်နွှဲရန်အတွက် သမ္မတဘုရှ်အား ကွန်ဂရက်က အာဏာပေးသည့်ဆုံးဖြတ်ချက်ကို မဲပေးခဲ့သည်။

လိုအပ်

စစ်ပွဲဆင်နွှဲရန်အတွက် ဘုရှ်အစိုးရက ဥပဒေပြုအမတ်များကို လှည့်စားခဲ့သည်ဟု ခံစားမိခြင်းရှိမရှိ မေးမြန်းသည့်အခါ အက်ဒ်ဝပ်က အတိအကျပင် ဖြစ်ကြောင်း၊ ထို့ကြောင့် အကြောင်းရင်းကို စူးစမ်းဖော်ထုတ်သိရှိရန် လွတ်လပ်သော ကော်မရှင်အဖွဲ့က စုံစမ်းစစ်ဆေးရန် လိုအပ်ကြောင်း ပြောဆိုသည်။

(အင်တာနက်)

အီရတ်လုံခြုံရေးလေ့လာရန် ကုလဝန်ထမ်းနှစ်ဦးရောက်ရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၅

အီရတ်နိုင်ငံမှ လွန်ခဲ့သည့်နှစ်အောက်တိုဘာက ကုလသမဂ္ဂဝန်ထမ်းများ ထွက်ခွာသွားပြီးနောက်ပိုင်း ပထမဦးဆုံးအကြိမ်အဖြစ်ကုလသမဂ္ဂဝန်ထမ်းနှစ်ဦးသည် အီရတ်နိုင်ငံသို့ ရောက်ရှိနေသည်။ ယခုရောက်ရှိနေသောအဖွဲ့သည် ကုလသမဂ္ဂဝန်ထမ်းများ အီရတ်မှာပြန်လည်တာဝန်ထမ်းဆောင်ရေးအတွက် လုံခြုံရေးအခြေအနေကို လေ့လာရန်ဖြစ်ကာ နှစ်ဦးစလုံးသည် လုံခြုံရေးကျွမ်းကျင်သူများဖြစ်သည်။ ထို့အပြင် အခြား လုံခြုံရေးဆိုင်ရာအဖွဲ့တစ်ဖွဲ့ကို အီရတ်သို့စေလွှတ်ရေးဖြစ်နိုင်မဖြစ်နိုင်လေ့လာဆန်းစစ်လျက်ရှိသည်။ အဆိုပါအဖွဲ့များ၏ တွေ့ရှိမှုအပေါ် မူတည်ပြီး အီရတ်နိုင်ငံမှာ တိုက်ရိုက်ရွေးကောက်ပွဲဖြစ်နိုင်ခြေရှိမရှိလေ့လာမည့်အဖွဲ့တစ်ဖွဲ့ကိုစေလွှတ်နိုင်မည် ဖြစ်သည်။ **(စီအင်န်အင်န်)**

မိုးလေဝသပညာရပ် နှစ်၁၅၀ပြည့်အခမ်းအနား ဘရပ်ဆဲလ်မြို့တွင်ကျင်းပ

ဘရပ်ဆဲလ် ဇန်နဝါရီ ၂၄

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ကမ္ဘာတစ်လွှားမှ မိုးလေဝသပညာရှင်များနှင့်သမုဒ္ဒရာဗေဒပညာရှင်များစုဝေးကာ ခေတ်သစ် မိုးလေဝသပညာရပ် နှစ်၁၅၀ပြည့်မြောက်သည့် အခမ်းအနားကို ကျင်းပလျက် ရှိသည်။ မိုးလေဝသ ကြိုတင်ခန့်မှန်းချက်ကို ၁၈၅၀ပြည့်နှစ်တွင် စတင်ပြီး စူးစမ်းလေ့လာခဲ့ကာအခက်အခဲများကိုဖြေရှင်းရန် နည်းလမ်းရှာဖွေခဲ့သည်။၎င်းတို့တွေ့ကြုံရသော အခက်အခဲများအနက် တစ်ရပ်သည် ကမ္ဘာတစ်ဝန်းနေရာများ ရွှေ့ပြောင်း စူးစမ်းရာတွင် ကြာမြင့်မည့် အချိန်လျှော့ချရေးဖြစ်ပြီးသုံးနာရီအတွင်း အချက်အလက်များ ဖြန့်ဝေနိုင်ရန် ကြိုးပမ်းခဲ့မှုဖြစ်ကြောင်းသိရသည်။

(စီအင်န်အင်န်)

တိုက်ဂရစ်မြစ်အတွင်း ကန်ရဟတ်ယာဉ်တစ်စင်းပျက်ကျ

မိုဆူးလ် ဇန်နဝါရီ ၂၆

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် တိုက်ဂရစ်မြစ်ထဲသို့ ယမန်နေ့က ကီအိုဝါအမျိုးအစား လက်နက်တပ်ဆင်ထားသည့် ထောက်လှမ်းရေးရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ရဟတ်ယာဉ်မောင်း အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးကို စစ်တပ်ကရှာဖွေနေကြောင်း အမေရိကန်စစ်တပ်က ပြောကြားသည်။

ပျက်ကျ

အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက အဆိုပါရဟတ်ယာဉ်သည် အစောပိုင်း၌ တိုက်ဂရစ်မြစ်တွင်း၌ ရေယာဉ်ဖြင့် ကင်းလှည့်သော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးပျောက်ဆုံးနေခြင်းကို ရှာဖွေကယ်ဆယ်စဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ပြောဆိုသည်။

မသိရ

ယင်းရဟတ်ယာဉ်ပျက်ရခြင်းသည် ပစ်ချခံရခြင်းဟုတ်မဟုတ် ချက်ချင်းမသိရသေးဟု ဆိုသည်။ သီတင်းပတ်ကုန်ပိုင်း၌ အီရတ် နိုင်ငံအနှံ့တွင် အကြမ်းဖက်တိုက်ခိုက် မှုများဖြစ်ပွားခဲ့ရာတွင် လက်ပစ်ဗုံးဖြင့်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသည်။

သေဆုံး

အစောပိုင်း၌ ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှု၌ အီရတ်ရဲနှစ်ဦးနှင့် စကားပြန်တစ်ဦးသေဆုံးခဲ့သည်ဟု ယုံကြည်ရကြောင်းထိုပြောရေးဆိုခွင့် ရှိသူက ပြောကြားသည်။

ပစ်ခတ်

ဘဂ္ဂဒက်မြောက်ဘက်ရှိ ဘေဂျီမြို့အနီးတွင် စနေနေ့ညပိုင်းက သံချပ်ကာယာဉ်ကိုဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခဲ့ရာတွင် ရရှိခဲ့သော ဒဏ်ရာဖြင့်အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ထိုစနေနေ့၌ပင်ဘဂ္ဂဒက် အနောက်ဘက်ဆွန်နီတြိဂံဒေသ၌ ဗုံးသုံးလုံးဖြင့်ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်ငါးဦးနှင့် အီရတ်လေးဦး သေဆုံးခဲ့သည်။

(အင်တာနက်)

ဇန်နဝါရီ ၂၅ရက်က မိုဆူးလ်မြို့မြောက်ဘက် တိုက်ဂရစ်မြစ်ပေါ်တွင် အမေရိကန် စစ်ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ ယင်းနေရာတစ်ဝိုက်ကင်းလှည့်ပျံသန်းနေသောအမေရိကန် စစ်ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်္ဂါဂြိုဟ်၏တောင်ဝင်ရိုးစွန်း၌ရေခဲများရှိဟုဆို သိပ္ပံပညာရှင်များမျှော်လင့်နေသောအဖြေရရှိခြင်းဖြစ်

ဝါရှင်တန် ဇန်နဝါရီ ၂၄

ဥရောပအာကာသအေဂျင်စီကလွှတ်တင်ထားသော အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးယာဉ် မားစ်အိပ်စ်ပရက်စ်သည်ပထမဆုံးအကြိမ်အဖြစ် အင်္ဂါဂြိုဟ်တောင်ဝင်ရိုးစွန်းတွင်ရေခဲများရှိနေကြောင်း အထောက်အထားများတွေ့ရှိခဲ့သည်။ ယခုတွေ့ရှိမှုကို မားစ်အိပ်စ်ပရက်စ်က မြေပြင်စခန်းသို့ ဓာတ်ပုံများရိုက်ယူပြီးပေးပို့ခဲ့သည်။ယခုလိုရေခဲများအစုလိုက်အပုံလိုက်တည်ရှိမှုကိုတွေ့ရှိခြင်းကြောင့်သိပ္ပံပညာရှင်များ နှစ်၃၀ကြာမျှော်လင့်နေသောအဖြေကို ရရှိသွားခြင်းလည်း ဖြစ်သည်။

သက်ရှိများတည်ရှိမှုမှာ ရေသည်အရေးပါသည့်အတွက် အနာဂတ်အင်္ဂါဂြိုဟ်ခရီးစဉ်များမှာ အာကာသယာဉ်မှူးများအတွက် ရေပံ့ပိုးရရှိနိုင်မည်ဖြစ်ကြောင်းနှင့် မားစ်အိပ်စ်ပရက်၏ အကူအညီနှင့် အင်္ဂါဂြိုဟ်မျက်နှာပြင်အောက် သုံးမိုင် သို့မဟုတ် လေးမိုင်မှာ ရေကိုရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ကြောင်း မျှော်လင့်ထားသည်။ အင်္ဂါဂြိုဟ်မှာ ရေတွေ့ရှိသည့်အတွက် သက်ရှိများ တည်ရှိမှုနှင့်ပတ်သက်သော မေးခွန်းများလည်း ပေါ်ထွက်လာကြောင်း သိရသည်။

(စီအက်ဖ်အိုင်)

အီရတ်၌ဖြစ်ပွားနေသော စစ်ပွဲရပ်တန့်ပေးရန်ဆန္ဒပြတောင်းဆို

ဆက်ဒမ်ဖမ်းမိပြီးနောက် ခုခံတိုက်ခိုက်မှုများပိုမိုဖြစ်ပွား

ဘဂ္ဂဒက်၌ကန်စစ်ယာဉ်တန်းဖြတ်သန်းစဉ်လက်လုပ်ဗုံးဖြင့် တိုက်ခိုက်

ဇန်နဝါရီ ၂၅ ရက်က တိုကျိုမြို့၌ အီရတ်တွင် ဖြစ်ပွားနေသော စစ်ပွဲကို ရပ်တန့်ပေးရန် ဆန္ဒပြတောင်းဆိုနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဇန်နဝါရီ ၂၅ ရက်က ခါဒီယာမြို့ရှိ အမေရိကန် စစ်အခြေစိုက်ဝင်း အဝင်ဝ၌ ကားဗုံးတစ်လုံးပေါက်ကွဲပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက ရှာဖွေ စစ်ဆေးနေစဉ်။ (ယင်းတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာ ရရှိသွားသည်။) (ဓာတ်ပုံ–အင်တာနက်)

ဇန်နဝါရီ ၂၅ ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ မစ်ဘာက်ဟိုတယ်အနီး၌ အမေရိကန် စစ်ယာဉ်တန်း ဖြတ်သန်းသွားစဉ် လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အမေရိကန် တပ်ဖွဲ့ဝင်များ နေရာယူထားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း
အီရတ်မြင်ကွင်း

အီရတ်နိုင်ငံ၌ မတည်မငြိမ်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ (ဝဲပုံမှာအမေရိကန်တပ်ဖွဲ့ဝင်များ ဆာမာရာမြို့၌ကားဗုံးတစ်လုံးဖြင့် တိုက်ခိုက်ခံရပြီးနောက် လုံခြုံရေးဇုံဧရိယာအတွင်း စောင့်ကြပ်လျက်ရှိသည်ကို တွေ့ရစဉ်။) (ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံသည် အမေရိကန်တို့ ကျူးကျော်တိုက်ခိုက်မှုကြောင့် မတည်မငြိမ်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

(အပေါ်ပုံမှာ ဗြိတိသျှတပ်ဖွဲ့ဝင်များ ဘာဆာရာမြို့၌ အမြဲမပြတ် ကင်းလှည့်နေကြရသည်ကို တွေ့ရစဉ်။) (ဓာတ်ပုံ–အင်တာနက်)

စာမျက်နှာ ၃ မှ

သံဖြူဇရပ်မြို့နယ်သည် ASEAN နှင့် တရုတ် ပူးပေါင်းဆောင်ရွက်မည့် စင်ကာပူ-ကူမင်း ရထားလမ်းကြောင်း ဖြစ်ပေါ်လာပါက အဆိုပါ ရထားလမ်းသစ်ကို ဆက်သွယ်မည့် ဘုရားသုံးဆူ-သံဖြူဇရပ် ရထားလမ်းဖြစ်ပေါ်လာပြီး အချက်အချာကျသည့် ဒေသတစ်ခု ဖြစ်လာမှာဖြစ်ကြောင်း။

မြို့နယ်တာဝန်ရှိသူများအားလုံးက မိမိမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနများ ပေါင်းစည်းပါဝင်သည့် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီများဖွဲ့စည်းပြီး သွက်သွက်လက်လက်ဖြင့်စေတနာ ပေါင်းစည်းပြီး အကောင်အထည်ဖော်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သံဖြူဇရပ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့်ကွန်ပျူတာတစ်စုံတို့ကိုလည်းကောင်း၊အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကိုလည်းကောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအားပေးအပ်သည်။

ပြသရှင်းလင်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သံဖြူဇရပ်မြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး ဆေးသိုလှောင်ခန်း၊ သားဖွားမီးယပ်လူနာဆောင်နှင့် ခွဲစိတ်ခန်း၊ဆေးစတိုခန်းတို့ကိုကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာတင်ဌေးနှင့်တာဝန်ရှိသူများကလိုက်လံပြသရှင်းလင်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သံဖြူဇရပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိလာကြရာ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဦးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Computer Aided Instruction၊ Computer Application & E-mail၊ Language Lab၊ Display Media and Printed Media Electronic Media(Video System)နှင့် အိမ်တွင်းမှုခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သံဖြူဇရပ်မြို့မှတစ်ဆင့် မုဒုံမြို့သို့ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့တော်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က မြို့တော်အတွင်း မြေအသုံးချမှု၊ စိုက်ပျိုးမြေဧက၊ ရေလှောင်တမံများ၏ အခြေအနေနှင့် အကျိုးပြုမှု၊ မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးနိုင်မှု အခြေအနေ၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ချက်နှင့် လုပ်ငန်းလိုအပ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အတွင်းဆောင်ရွက်နေသည့် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ၊ စပါး၊ ဆီထွက်သီးနှံနှင့် ပဲအမျိုးမျိုးစိုက်ပျိုးနေမှု၊ ဆည်ရေဖြင့် စိုက်ပျိုးလုပ်ကိုင်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

စီမံချက်ချဆောင်ရွက်ပေးနေ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေးလုပ်ငန်းလိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ မွန်ပြည်နယ်အတွင်း လာရောက်ပြီး ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက် လိုအပ်ချက်များဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ယခုလည်း မုဒုံမြို့သို့လာရောက်ပြီး မြို့နယ်ပညာရေး၊ ကျန်းမာရေးနှင့် အခြားသောလိုအပ်ချက်များကို ကြည့်ရှုစစ်ဆေးပြီး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်းရှိရွာကြီးများမှာ ကြီးမားပြီး မှီတင်းနေထိုင်ကြသည့် လူဦးရေလည်းများပြားသဖြင့် နေထိုင်သောလူဦးရေအစိပ်အကျဲအပေါ်မူတည်ပြီး လိုအပ်သည့်နေရာများတွင် စာသင်ကျောင်းများ၊ ဆေးပေးခန်းများ ပြည့်စုံမှုရှိလာအောင် စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော်က ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကလိုအပ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များပေါ်ထွန်းရေးအတွက် မွန်ပြည်နယ်အပါအဝင် ပြည်နယ်၊ တိုင်းအားလုံးတွင် လူသားစွမ်းရည် အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စီမံချက်ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဤမြို့နယ်အတွင်း ယခင်က ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းသည် မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်၍ စီးပွားဖြစ်စိုက်ပျိုးရေးအပြင် တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်း၊ ဒါ့အပြင် မွေးမြူရေးလုပ်ငန်းများကိုလည်း တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် မွေးမြူသည့်အဆင့်ရောက်အောင်၊ တိုးတက်မှုများရှိအောင် တာဝန်ရှိသူများက အားပေးကူညီဆောင်ရွက်ပေးပြီး တစ်ဖက်ကလည်း ဒေသအလိုက် တာဝန်ပေးထားသည့် စီမံကိန်းလုပ်ငန်းများအောင်မြင်အောင်၊ ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း၊ မုဒုံမြို့နယ်သည် မိုးရွာသွန်းမှုကောင်းမွန်သည့် မြို့နယ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်က စိုက်ပျိုးရေးအတွက် တည်ဆောက်ပေးထားသည့် ဆည်ကြီးများမှာလည်း ရေအပြည့်ရှိနေကြောင်း၊ ဒါ့ကြောင့် မိုးစပါးအပြင် နွေစပါးကိုပါ တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်း။

နိုင်ငံတော်အစိုးရက နယ်စွန်နယ်ဖျားမကျန် တစ်နိုင်ငံလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် အလေးထားပြီးနည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိနေသည်ကို မြို့နယ်တာဝန်ရှိသူများကသိရှိသဘောပေါက်ပြီး မိမိမြို့နယ်အတွင်း ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်သူများ လူနေမှုတိုးတက်လာစေရန် ထိထိရောက်ရောက် စေတနာထား ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မြန်မာနိုင်ငံ၌ အကြီးဆုံးတံတားကြီးဖြစ်လာမည့် သံလွင်တံတား(မော်လမြိုင်)ကို ငွေကြေးအမြောက်အမြားကျခံပြီးတည်ဆောက်ပေးလျက်ရှိကြောင်း၊ ဤတံတားကြီး တည်ဆောက်ပြီးပါက မွန်ပြည်နယ်နှင့် ဆက်စပ်နေသည့် တနင်္သာရီတိုင်းအပါအဝင် ဒေသနေပြည်သူများ၏ သွားလာမှု လွယ်ကူမြန်ဆန်ရေး၊ လူမှုရေးနှင့် စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုကို များစွာအထောက်အကူဖြစ်စေမှာဖြစ်ကြောင်း။

အနာဂတ်ကာလကိုမျှော်မှန်း

ဒီလို တံတားကြီးများ၊ လမ်းကြီးများ၊ ဆည်မြောင်းတာတမံများတည်ဆောက်ပေးနေခြင်းမှာ မည်သူ၏တောင်းဆိုမှုကြောင့်မှ မဟုတ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ မွန်မြတ်သည့် စေတနာနှင့် အနာဂတ်ကာလကို မျှော်မှန်းပြီး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

မြို့နယ်တာဝန်ရှိသူများ အားလုံးကလည်း မိမိမြို့နယ်အတွင်း အခြေခံကျေးလက်ဒေသအရောက် သွားပြီး လိုအပ်ချက်များ၊ ပံ့ပိုးဖွယ်ရာများကို ပံ့ပိုးဆောင်ရွက်ပေးသွားရမှာ ဖြစ်ကြောင်း၊ ပြည်သူများနှင့် ကင်းကွာမနေစေဘဲ တစ်သားတည်းဖြစ်အောင် ကျင့်ကြံနေထိုင်သွားကြရန်လိုကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို သိအောင်လုပ်၊ ပံ့ပိုးနိုင်တာ ပံ့ပိုးပေးရမှာဖြစ်ကြောင်း၊ မိမိမဆောင်ရွက်နိုင်သည့် ကိစ္စမျိုးဖြစ်ပါကလည်း အထက်ကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် တင်ပြဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဗဟိုကနေ အောက်ခြေအဆင့်အထိ အမြဲတမ်းလေ့လာ ဖြည့်ဆည်းပေးလျက်ရှိရာ ခရိုင်၊ မြို့နယ်တာဝန်ခံများ၊ ဌာနဆိုင်ရာ အကြီးအကဲများအနေဖြင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်သိသိ၊ စေတနာရှိရှိဖြင့် ဝီရိယစိုက်ထုတ် အလုပ်လုပ်သွားကြရေးမှာကြားသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၂၅ရက်တွင် မွန်ပြည်နယ် မုဒုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားပြစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံကို ကျောင်းအုပ်ဆရာမကြီးအားပေးအပ်စဉ်။
(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆက်လက်၍မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မုဒုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံကိုလည်းကောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကိုလည်းကောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မုဒုံမြို့ ပြည်သူ့ဆေးရုံအရေးပေါ်လူနာခန်း၊ ခွဲစိတ်ခန်း၊ ဆေးဝါးသိုလှောင်ခန်း၊ လူနာခန်းများ၊ ECG စမ်းသပ်ခန်းနှင့် ဓာတ်မှန်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မုဒုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ Projected Media နှင့် Language Lab တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် မော်လမြိုင်မြို့သို့ ပြန်လည်ထွက်ခွာလာကြရာ လမ်းတွင် သံလွင်တံတား(မော်လမြိုင်)တည်ဆောက်ရေး လုပ်ငန်းများကို ဝေဟင်မှကြည့်ရှုကြသည်။ ထို့နောက် မော်လမြိုင်မြို့သို့ ရောက်ရှိကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မော်လမြိုင်မြို့ အောင်ဆန်းခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးမှုနှင့် ပတ်သက်၍ မိုးစပါးလျာထားချက်၊ စိုက်ပျိုးနိုင်မှု အထွက်နှုန်းနှင့် ထွက်ရှိမှု၊ နွေစပါးလျာထားချက်နှင့် စိုက်ပျိုးနိုင်မှု၊ ဆောင်းသီးနှံ မြေပဲ၊ နှမ်း၊ နေကြာစိုက်ပျိုးထားမှု၊ ပဲမျိုးစုံ၊ မတ်ပဲ၊ ပဲတီစိမ်း၊ မတ်ပဲစိုက်ပျိုးထားမှု၊ ငရုတ်ကောင်းအထူးစီမံချက်ချ စိုက်ပျိုးနေမှု၊ ရော်ဘာပြည်နယ်ဖြစ်ရန် မြေလွတ် မြေရိုင်းများဖော်ထုတ်စိုက်ပျိုးနေမှု၊ သားငါးကဏ္ဍနှင့် ပတ်သက်၍ ကြက်သားနှင့်ကြက်ဥထုတ်လုပ်နိုင်မှုအခြေအနေ၊ ငါးပုစွန်ထုတ်လုပ်မှုအခြေအနေ၊ ငါး ပုစွန်မွေးမြူမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေးခဲ့

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့မွန်ပြည်နယ်ရှိ ဒေသဆိုင်ရာအာဏာပိုင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများကို တွေ့ဆုံပြီး ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးပေးဖွယ်ရာများနှင့် တကွ နိုင်ငံတော်၏အခြေအနေများကို ရှင်းလင်းပြောကြားသွားမှာဖြစ်ကြောင်း။

မိမိဦးဆောင်ပြီး နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများသည် ဇန်နဝါရီလ ၂၄ရက်နေ့ကစတင်ပြီး ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိခဲ့ကြောင်း၊ ဘားအံမြို့တွင် ဘားအံတက္ကသိုလ်နှင့် အစိုးရနည်းပညာကောလိပ်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များ မှာကြားပံ့ပိုးပေးခဲ့ကြောင်း၊ ထိုမှတစ်ဆင့် မြိုင်ကြီးငူဒေသသို့ သွားရောက်ခဲ့ပြီး မြိုင်ကြီးငူဆရာတော်ကြီးမှူး၍ တပည့်ဒါယကာ၊ ဒါယိကာမများက နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေရေးအတွက် တည်ဆောက်ပြီးစီးခဲ့သည့် အရှည် ၃၄ မိုင်ရှိပြီး ကွန်ကရစ်တံတားကြီးများအပါအဝင် တံတားပေါင်း ၉၉စင်းပါဝင်သည့် မြိုင်ကြီးငူ-ဘားအံလမ်းမကြီးဖွင့်ပွဲအခမ်းအနားကို တက်ရောက်ခဲ့ကြောင်း။

တစ်ဆက်တည်းမှာပဲ ဘားအံမြောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်ပြီး ဒေသတာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းပြီး ဆက်လက်ဆောင်ရွက် ဖွယ်ရာများကို မှာကြားပြီး လိုအပ်မှုများကို ပံ့ပိုးပေးခဲ့ကြောင်း၊အဲဒီကတစ်ဆင့် ကော့ကရိတ်မြို့သို့ သွားရောက်ခဲ့ပြီး ကော့ကရိတ်ခရိုင်၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေမည့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ တိုးချဲ့စိုက်ပျိုးမွေးမြူသွားရေးများကိုဒေသတာဝန်ခံများအား မှာကြားခဲ့ကြောင်း၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာပံ့ပိုးဖွယ်ရာများလည်း ပံ့ပိုးခဲ့ကြောင်း၊ ထို့နောက် သံလွင်တံတား (မော်လမြိုင်)တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း။

ယနေ့တွင် မွန်ပြည်နယ်တောင်ဘက်ခြမ်းဒေသများဖြစ်သည့် ရေး၊ သံဖြူဇရပ်၊ မုဒုံမြို့နယ်များသို့သွားရောက်ခဲ့ပြီး အဆိုပါဒေသများ ဖွံ့ဖြိုးရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးဖွယ်ရာများ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဒေသတာဝန်ခံများကိုလည်း မှာကြားစရာရှိသည်များ မှာကြားခဲ့ကြောင်း။

အထူးသဖြင့် ပညာရေးကဏ္ဍတွင် မူလတန်းကျောင်းများ အသစ်ဖွင့်သင့်သည့်နေရာမှာ ဖွင့်နိုင်အောင်၊ အလယ်တန်း၊ အထက်တန်းအဆင့် တိုးမြှင့်သင့်သည့်ကျောင်းများကို တိုးမြှင့်ပေးနိုင်အောင် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ပေးနိုင်အောင် ကျေးလက်ကျန်းမာရေးဌာနခွဲများဖွင့်လှစ်နိုင်ရေး၊ အဆင့်မြှင့်တင်ရေး၊ ဆေးရုံအဆင့်မြှင့်တင်ပေးရေးစသည်တို့ကိုလည်း ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ထို့ပြင် ဒေသ၏ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးလုပ်ငန်းများ တိုးတက်မြင့်မားစေရေးအတွက် လိုအပ်သည်များကို စနစ်တကျစီမံချက်ချ ဆောင်ရွက်ရန် မှာကြားပြီး ပံ့ပိုးဖွယ်ရာများကိုလည်း ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း။

ယင်းသို့ ပြည်နယ်အစွန်အဖျားဒေသများသို့ ကိုယ်တိုင်သွားရောက်ပြီး ဒေသအသီးသီးဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းမှာ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှတစွာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တာဝန်ရှိသူများ၊ ဗဟိုနှင့်ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများစုပေါင်းပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြမှသာ အောင်မြင်ဖြစ်ထွန်းမည်ဆိုသည့် သဘောထားဖြင့် ယခုလို လှည့်လည်ဆောင်ရွက်ပေးလျက် ရှိခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည်နှင့်အညီ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာရေးသည် လွန်စွာအရေးကြီးကြောင်း၊ ဒါ့ကြောင့် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအားလုံး၊ ပြည်ထောင်စု၏အစိတ်အပိုင်းဒေသများအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရအောင် ပြည်နယ် ပြည်မ၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ လိုအပ်သည့်နေရာတိုင်းမှာ လိုအပ်သလို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဆိုသည့် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုအရ နိုင်ငံတော်မှ တာဝန်ရှိသူများကိုယ်တိုင် အခြေခံဒေသများအဆင့်အထိသွားရောက်ပြီး ပံ့ပိုးဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

၂၀၀၃ခုနှစ် ဩဂုတ်လ၃၀ရက်နေ့က ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို မိမိကိုယ်တိုင် ရှင်းလင်းအသိပေးကြေညာခဲ့ပြီးနောက် လုပ်ငန်းများကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဤမူဝါဒ လမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေးအတွက် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် ကဏ္ဍစုံ၊ အလွှာစုံမှ တိုင်းရင်းသားများအားလုံး ပူးပေါင်းပါဝင်ပြီး ရည်မှန်းချက် အောင်မြင်အောင် ညီညီညွတ်ညွတ်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။ ***စာမျက်နှာ ၁၁ ကော်လံ ၁***

စေတီပုထိုးများပြုပြင်မွမ်းမံမှု လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် ညောင်ပင်အိုင်တောရ ဆရာတော်ကြီး တည်ထားကိုးကွယ်ခဲ့သော စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများကို ဘက်စုံပြုပြင်မွမ်းမံလျက်ရှိရာ လှူဒါန်းလိုသူပုဂ္ဂိုလ်များသည် မုံရွာခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးရဲထွန်း ဖုန်း ၀၇၁–၂၁၁၅၇၊ ၀၇၁–၂၁၀၁၉၊၀၇၁–၂၁၁၈၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က–ပ)**

စက်မှုစွမ်းအား ခေတ်ကျော်လွှား

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မော်လမြိုင်တက္ကသိုလ် သုံးထပ်စာကြည့်တိုက်သစ်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၂၅ ရက်က မော်လမြိုင်တက္ကသိုလ် သုံးထပ်စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၆

မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ် သုံးထပ်စာကြည့်တိုက်သစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၇ နာရီခွဲတွင် အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မော်လမြိုင်တက္ကသိုလ်ပါမောက္ခချုပ် ဦးစန်းတင့်၊ ပါမောက္ခဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ စာကြည့်တိုက်မှူးနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မော်လမြိုင်တက္ကသိုလ်ပါမောက္ခချုပ်ဦးစန်းတင့်က မော်လမြိုင်တက္ကသိုလ်စာကြည့်တိုက်သစ် ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြရာတွင် ၂၈–၁၂–၁၉၉၃ ခုနှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မော်လမြိုင်တက္ကသိုလ်သို့ လာရောက်စစ်ဆေးခဲ့စဉ်က မော်လမြိုင်တက္ကသိုလ်တွင် ဘွဲ့နှင်းသဘင်ခန်းမ၊ စာကြည့်တိုက်နှင့် ရေကူးကန် အဆောက်အအုံများ တည်ဆောက်ရန် လမ်းညွှန် မှာကြားခဲ့ကြောင်း။

ယခုအခါ စာကြည့်တိုက်အဆောက်အအုံမှာ လုံးဝပြီးစီးပြီဖြစ်၍ သုတေသီ ဆရာ ဆရာမများနှင့် ကျောင်းသူကျောင်းသားများ သုံးစွဲနိုင်သော အခြေအနေသို့ ရောက်ရှိပြီးဖြစ်ကြောင်း။

ဆက်လက်စုဆောင်းသွားမည်

ဤစာကြည့်တိုက်ကြီးတွင်ဘာသာရပ်ပေါင်းစုံ အကြောင်းအရာနှင့်ပတ်သက်သောစာအုပ်များ Reference Booksဟုခေါ်သော ရည်ညွှန်းစာအုပ်များ၊ Periodicals ဟုခေါ်သော လစဉ်၊ နှစ်စဉ်ထုတ်သော စာအုပ်များ စာအုပ်စုစုပေါင်း ၁၀၆၉၂၀ ရှိပါကြောင်း။

အင်္ဂလိပ်စာအုပ်များအတွက် Subject Catalogue, Title Catalogue နှင့် Author Catalogue များ ပြုလုပ်ပြီးဖြစ်ကြောင်း၊ မြန်မာစာအုပ်များအတွက်မှ Title Catalogue နှင့် Author Catalogue များပြုလုပ်ပြီးဖြစ်ကြောင်း။

ပေစာများလည်း စုဆောင်းထားကြောင်း၊ ဓာတ်တော်များ၊ ဝတ္ထုတော်များ၊ ဝိနည်း၊ သင်္ဂြိုဟ်၊ ဆန်း၊ အလင်္ကာများ၊ ဒီပနီ၊ ကမ္မဝါ၊ သဒ္ဒါ စသဖြင့် ပေစာပေါင်း ၁၁၂ ဆူရှိကြောင်း၊ ဆက်လက်၍ စုဆောင်းသွားမည်ဖြစ်ကြောင်း။

စွယ်စုံကျမ်းများ၊ သမိုင်းရေးရာ၊ လွယ်ကူလေ့လာသင်ခန်းစာများ၊ မြန်မာ့အချက်အလက်များ (Myanmar data)စသဖြင့် CD အချပ် ၁၀၀၀ကျော်ရှိကြောင်း။

ဤအခြေခံစာအုပ်စာတမ်းနှင့် CD, IT facilities များပေါ်တွင် အခြေပြု၍ အမျိုးသားပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) အနှစ် (၃၀) နှစ်ရှည်စီမံကိန်းက ပြဋ္ဌာန်းထားသည့်အတိုင်း–

- **စာကြည့်တိုက်ကို ခေတ်မီ ဖွံ့ဖြိုးသော နည်းပညာစနစ်များဖြင့် ခေတ်မီစနစ်ကျအောင် Re-structure ပြုလုပ်ရန်၊**
- **e-Library အဖြစ်သို့ ပြုပြင်ပြောင်းလဲဖွဲ့စည်းရန်၊**
- **Catalogue များ ခေတ်မီစနစ်ဖြင့် ပြန်လည်ပြုစုရန်၊**
- **Flashing Library အဖြစ် ပြုပြင်ပြောင်းလဲပြီး မိမိသင်လို၊ သိလို၊ တတ်လိုသော အကြောင်းအရာများကို တစ်ထိုင်တည်း သိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်နှင့်**
- **သင်ကြားရေးဆိုင်ရာ ဌာနများက သင်ကြားပို့ချနေသည့် ဘာသာရပ်၊ ဘာသာစိတ်များနှင့် လိုက်ဖက်ညီသည့် Information Resource များစုဆောင်း ရန်၊ Student Centered, User Centered, Resource Base, Resource Center များအဖြစ် ရေရှည်ဆက်လက်ပြုပြင်ရန် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း** ဖြင့် ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်ပေး

ထို့နောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်တို့က ဖဲကြိုးဖြတ်၍ မော်လမြိုင်တက္ကသိုလ် သုံးထပ်စာကြည့်တိုက်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မော်လမြိုင်တက္ကသိုလ် သုံးထပ်စာကြည့်တိုက်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် စာကြည့်တိုက်သစ်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စာကြည့်တိုက်ရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးသော်က က မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၏ ဗိသုကာပုံစံနှင့် တည်ဆောက်ရေးလုပ်ငန်း အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံ ဗိသုကာပုံစံနှင့် ပတ်သက်၍ လိုအပ်ချက်များ ပြင်ဆင်ဖြည့်စွက် မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

သုံးထပ် စာကြည့် တိုက်သစ်

မော်လမြိုင် တက္ကသိုလ် သုံး ထပ်စာကြည့် တိုက်သစ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၇–၁–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မ ဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၇။ ကျောက်တစ်လုံး ရေကူ ရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar Made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
၁၇:၁၅ ၆။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၂၅ ၇။ ခံစားနားဆင် တေးဓာတ်ဝင်
၁၇:၃၅ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၇:၄၅ ၉။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၂။ Milo Success in Soccer
၁၉:၁၀ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၉:၂၅ ၁၄။ ကြေးမုံရိပ်သွင်တေးနှယဉ်
၁၉:၄၀ ၁၅။ (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ချီစစ်ရေးတေးသီချင်းပြိုင်ပွဲအကြောင်း သိကောင်းစရာ
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဓာတ်လမ်းတွဲ **" တုံ့မယူလို "**(အပိုင်း–၁၉)
၂၀။ Calcio Serie A Highlight
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။



နိုင်ငံတော်အေးချမ်းသ

မြန်မာနိုင်ငံ၏ အရှည်ဆုံး၊ အ

တံတားကြီးပြီးစီးပါက မြန်မာနိုင်င

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှုချောမွေ့ကေ
တံတား (မော်လမြိုင်)မှာ တည်ဆောက်ပြီးစီးတော့မည်ဖြစ်သည်။ သံလွင်
(မော်လမြိုင်)သည် ရန်ကုန်-မော်လမြိုင်-မြိတ်-ကော့သောင်း လမ်းပေ
တံတားကြီးဖြစ်သည်။ မြန်မာပြည်မြောက်ဖျားမှ တောင်ဘက်စွန်း တန

ဆောက်လုပ်ရေး ဝန်ကြီး ဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တည်ဆောက်နေသော မြန်မာနိုင်ငံတွင် အရှည်ဆုံး၊ အကြီးဆုံးနှင့် တန်ဖိုးအရှိဆုံး တံတားဖြစ်သည့် သံလွင် တံတား (မော်လမြိုင်) မော်လမြိုင် ဘက်ကမ်း ချဉ်းကပ် တံတား တည်ဆောက်ရေး လုပ်ငန်း ပြီးစီးမှုကို ဇန်နဝါရီ ၁၅ ရက်က တွေ့ရစဉ်။

(ဆောက်လုပ်ရေး)



ဆောက်လုပ်ရေး ဝန်ကြီး ဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တည်ဆောက်နေသော မြန်မာနိုင်ငံတွင် အရှည်ဆုံး၊ အကြီးဆုံးနှင့် တန်ဖိုးအရှိဆုံး တံတား ဖြစ်သည့် သံလွင်တံတား (မော်လမြိုင်) မုတ္တမဘက်ကမ်း RP1 မှ RP7အထိ ပင်မတံတား သံပေါင် တပ်ဆင် ပြီးစီးမှုကို ဇန်နဝါရီ ၁၅ ရက်က တွေ့ရစဉ်။

(ဆောက်လုပ်ရေး)

ဆောက်လုပ်ရေးဝန်ကြီး ဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တည်ဆောက်နေသော မြန်မာနိုင်ငံတွင် အရှည်ဆုံး၊ အကြီးဆုံးနှင့် တန်ဖိုးအရှိဆုံးတံတားဖြစ်သည့် သံလွင်တံတား (မော်လမြိုင်) မော်လမြိုင်ဘက်ကမ်း ပင်မတံတား သံပေါင်တပ်ဆင်ပြီးစီးမှု အခြေအနေကို ဇန်နဝါရီ ၁၅ ရက်က တွေ့ရစဉ်။

(ဆောက်လုပ်ရေး)

27-1 (8).p65 1 3/25/05, 12:51 AM

မ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်တည်ဆောက်ခဲ့သည့်

ုံး၊ အကြီးဆုံးနှင့် တန်ဖိုးအရှိဆုံးတံတားကြီးဖြစ်လာမည့် သံလွင်တံတား(မော်လမြိုင်)မြင်ကွင်း

န်မာနိုင်ငံမြောက်ဖျားမှတောင်ဘက်စွန်းအထိ ကုန်းလမ်းခရီးဖြင့်တောက်လျှောက်သွားလာနိုင်တော့မည်

သွယ်မှုချောမွေ့ကောင်းမွန်ရေးအတွက် နိုင်ငံတော်က တံတားကြီး၊တံတားငယ်ပေါင်းမြောက်မြားစွာ တည်ဆောက်လာခဲ့ရာ ယခုအခါ သံလွင်
ဲ့ဖြစ်သည်။ သံလွင်တံတား (မော်လမြိုင်)သည် မြန်မာနိုင်ငံတွင် အရှည်ဆုံး၊ အကြီးဆုံးနှင့် တန်ဖိုးအရှိဆုံး တံတားကြီးဖြစ်သည်။ သံလွင်တံတား
သောင်း လမ်းပေါ်တွင်တည်ရှိပြီး မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သံလွင်မြစ်ကိုဖြတ်ကျော်၍ မော်လမြိုင်မြို့နှင့်မုတ္တမသို့ ဆက်သွယ်ပေးမည့်
ာင်ဘက်စွန်း တနင်္သာရီတိုင်း ကော့သောင်းမြို့သို့ ကုန်းလမ်းခရီးဖြင့်တောက်လျှောက်သွားလာနိုင်မည်ဖြစ်သည်။

သံလွင်တံတား(မော်လမြိုင်)

စဉ်	အကြောင်းအရာ	အချက်အလက်
၁။	**တံတားတည်ဆောက်မှုအခြေအနေ**	
	(က) တံတားစတင်တည်ဆောက်သည့်နေ့	၁၈–၃–၂၀၀၀
	(ခ) တံတားတည်ဆောက်သည့်ပြည်နယ်	မွန်ပြည်နယ်
	(ဂ) တံတားတည်ဆောက်သည့်မြို့	မော်လမြိုင်မြို့
	(ဃ) တံတားတည်ဆောက်သည့်မြစ်	သံလွင်မြစ်
	(င) တံတားအမျိုးအစား	
	(၁) အုတ်မြစ်အမျိုးအစား	သံကူကွန်ကရစ်လွန်တူးပိုင်+သံကူကွန်ကရစ်ရေတွင်းခွေ
	(၂) အောက်ခြေအမျိုးအစား	သံကူကွန်ကရစ်
	(၃) အပေါ်ထည်အမျိုးအစား	သံမဏိသံပေါင်
၂။	**ကားလမ်း**	
	(က)ပင်မတံတားအရှည်	၇၆၉၉ ပေ
	(ခ)မော်လမြိုင်ဘက်ကမ်းချဉ်းကပ်တံတား	၁၆၂၄ ပေ
	(ဂ)မုတ္တမဘက်ကမ်းချဉ်းကပ်တံတား	၂၂၅၂ ပေ
	စုစုပေါင်း အရှည်	၁၁၅၇၅ ပေ
၃။	**ရထားလမ်း**	
	(က)ရေလယ်ပင်မတံတား	၇၆၉၉ ပေ
	(ခ)မော်လမြိုင်ဘက်ကမ်းချဉ်းကပ်တံတား	၈၇၁၆ ပေ
	(ဂ)မုတ္တမဘက်ကမ်းချဉ်းကပ်တံတား	၁၀၀၅၁ ပေ
	စုစုပေါင်း အရှည်	၂၆၄၆၆ ပေ
၄။	**ကားလမ်း၊ရထားလမ်းနှင့်လူသွားလမ်းအကျယ်**	
	(က) ကားလမ်းအကျယ်	၂၈ ပေ
	(ခ) ရထားလမ်းအကျယ်	၁၄ ပေ
	(ဂ) လူသွားလမ်းအကျယ်တစ်ဖက်လျှင်	၆ပေစီ
၅။	**တံတားတည်ဆောက်ပြီးစီးမှု**	
	(က) မော်လမြိုင်ဘက်ကမ်းအုတ်မြစ်၊ ကိုယ်ထည်ရက်မနှင့်အပေါ်ကြမ်းခင်းလုပ်ငန်း	ပြီးစီး
	(ခ) မုတ္တမဘက်ကမ်းအုတ်မြစ်၊ကိုယ်ထည်နှင့်ရက်မလုပ်ငန်း	ပြီးစီး
	(ဂ) ပင်မရေလယ်တိုင် ၂၂ တိုင်	၂၀ တိုင်ပြီးစီး ၂ တိုင်အချောသတ်
	(ဃ) သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း၂၁ခန်း	၁၆ခန်းပြီးစီး
	(င) တံတားကြီးတစ်ခုလုံးပြီးစီးမှု	၇၀ ရာခိုင်နှုန်း
၆။	**ခွင့်ပြုတန်ချိန်**	တန် ၆၀

သံလွင်တံတား(မော်လမြိုင်) မော်လမြိုင်ဘက်ကမ်း ပင်မတံတားရေလယ်တိုင် RP22 မှ RP13 အထိ အခန်း (၉)ခန်း သံမဏိသံပေါင် တပ်ဆင် ပြီးစီးမှုကို ဇန်နဝါရီ ၁၅ ရက်က တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တည်ဆောက်နေသော မြန်မာနိုင်ငံတွင် အရှည်ဆုံး၊ အကြီးဆုံးနှင့် တန်ဖိုးအရှိဆုံး တံတားဖြစ်သည့် သံလွင်တံတား (မော်လမြိုင်) မုတ္တမဘက်ကမ်းချဉ်းကပ်လမ်း အမာခံကျောက်ခင်းခြင်း လုပ်ငန်းပြီးစီးမှုကို ဇန်နဝါရီ ၁၅ ရက်က တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

ရှင်သာမဏေဓမ္မပိမာန် အဘိဓမ္မာသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၆

သာသနာရေး ဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခဒေါက်တာမင်းတင်မွန်(မဟာသဒ္ဓမ္မဇောတိကဓဇ)သည် ရွှေတိဂုံဘုရား အာဇာနည်လမ်းပေါ်ရှိ ရှင်သာမဏေ ဓမ္မပိမာန်တွင် ဖေဖော်ဝါရီ ၇၊၈၊၁၄၊၁၅ (စနေ၊တနင်္ဂနွေ)နေ့များ၌ ဗုဒ္ဓအဘိဓမ္မာ သင်္ဂြိုဟ်ကိုးပိုင်းကို အဖိုးတန်ဆုံး ဘဝပညာအဖြစ် လက်တွေ့အသုံးချမှုများနှင့်တကွ အပြည့်အစုံသင်ကြားပို့ချမည်ဖြစ်ရာစိတ်ဝင်စားသူများ နံနက်ရနာရီမှ ညနေ ၄နာရီအထိ တက်ရောက်သင်ကြားနိုင်ကြောင်း သိရသည်။ **(က-ပ)**

သားငါးပွံ့ဖြိုး ပြည်အကျိုး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ ပြည်ပရောက်မြန်မာဆရာဝန်များနှင့် နိုင်ငံခြားဆရာဝန်များအား ညစာစားပွဲတည်ခင်း

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့က မြန်မာနိုင်ငံ ဆရာဝန်အသင်း အကြိမ်(၅၀)မြောက် ဆရာဝန်ညီလာခံသို့ တက်ရောက်ခဲ့ကြသော ပြည်ပရောက် မြန်မာဆရာဝန်များနှင့် ဧည့်သည်နိုင်ငံခြား ဆရာဝန်များအား အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၆

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က မြန်မာနိုင်ငံ ဆရာဝန်အသင်း အကြိမ်(၅၀)မြောက် ဆရာဝန် ညီလာခံသို့ တက်ရောက်ခဲ့ကြသော ပြည်ပရောက် မြန်မာဆရာဝန်များနှင့် ဧည့်သည်နိုင်ငံခြား ဆရာဝန်များအား ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာစားပွဲသို့ အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်း အကြိမ်(၅၀)မြောက် ဆရာဝန်ညီလာခံသို့ တက်ရောက်ခဲ့ကြသော ပြည်ပရောက် မြန်မာဆရာဝန်များနှင့် ဧည့်သည်နိုင်ငံခြား ဆရာဝန်များ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့သည် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ပရောက်မြန်မာဆရာဝန်များနှင့် ဧည့်သည်နိုင်ငံခြားဆရာဝန်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

▼ *လာအိုမှ*

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်တာဗီဘော့ဟီစိမ်းနှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ဒုတိယနိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ပွန်ဆာဗတ်ဘိုဖာ၊ ဒုတိယလယ်ယာနှင့်သစ်တောဝန်ကြီး မစ္စတာဆိတာဟဲန်လာဆာဖုန်၊ ဝန်ကြီးချုပ်ရုံး ဒုတိယအကြီးအကဲ မစ္စတာဘိုဗီယန်ခန်ဖွန်ဒါလာ၊ လွှန်နမ်သာပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဆဲန်ဟောန်ဗွန်ခန်ချန်၊ဘော်ခီယိုပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာခန်မန်ဆိုဗီလုနှင့် အခြားအဆင့်မြင့်အရာရှိကြီးများ လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ဂျပန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးဦးစောလှမင်း ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၇

ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးဦးစောလှမင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် တိုကျိုမြို့၌ ဂျပန်နိုင်ငံ ဧကရာဇ် ဘုရင်မင်းမြတ် အကီဟီတိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးဦးနေဝင်း ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၇

ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်သံအမတ်ကြီးဦးနေဝင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဆိုးလ်မြို့၌ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာနိုမူဟွန်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ကြွက်ကျားမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးအနည်းငယ် ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း(၄၀)ဖြစ်သည်။

(၂၈)ကြိမ်မြောက် မအူပင်မြို့နယ် သုဓမ္မာပရိယတ္တိဝိနယာဓိကစာမေးပွဲ

ရန်ကုန် ဇန်နဝါရီ ၂၆

နိုင်ငံတော်ဩဝါဒါစရိယ မအူပင်မြို့နယ် မရမ်းကံကျောင်းဆရာတော်ဘဒ္ဒန္တ ဝရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်ကြီးမှူးကျင်းပသော မအူပင်မြို့ မြို့လယ်ကျောင်းတိုက် သုဓမ္မာပရိယတ္တိသာသနဟိတဓရအသင်းကြီး၏ (၂၈)ကြိမ်မြောက် သုဓမ္မာပရိယတ္တိ ဝိနယာဓိက စာမေးပွဲကြီးကို ၁၃၆၅ခုနှစ် တပို့တွဲလပြည့်ကျော်(၉-၁၀-၁၁-၁၂) ရက်များတွင် မြို့လယ်ကျောင်းတိုက်ကြီးအတွင်း ကျင်းပပြုလုပ်မည်ဖြစ်သည်။

ကျင်းပမည့် လေးရက်အတွင်း နိုင်ငံကျော်ဓမ္မကထိကဆရာတော်များ၏ ညစဉ်တရားပွဲများကျင်းပမည်ဖြစ်ပြီး ယနေ့အထိ စာဖြေရန် သတ်မှတ်ထားသည့် အတန်းခြောက်တန်းကို ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားသည့် ရဟန်း၊ သာမဏေ၊ သီလရှင်ပေါင်း ၄၀၉ပါး၊ အနယ်နယ်အရပ်ရပ်မှ ပင့်သံဃာ ၂၅၁ပါး၊ စုစုပေါင်း ၆၆၀ကျော်အတွက် ဆွမ်း၊ အချိုပွဲနှင့် လှူဖွယ်တန်းရာအဖြာဖြာတို့ကို မအူပင်မြို့လယ်ကျောင်းတိုက် သုဓမ္မာပရိယတ္တိသာသနဟိတဓရ အသင်းကြီးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

Myanmar ICT Week 2004

ပြပွဲကို

31- 1-2004 အထိ

(ရက်တိုး) ပြသသွားမည်ဖြစ်သည်။

Myanmar ICT Week 2004 ပြပွဲ ရက်တိုးမြှင့်ပြသမည်

ရန်ကုန် ဇန်နဝါရီ ၂၆

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ပြပွဲကို စိတ်ပါဝင်စားစွာ လေ့လာအားပေးကြသူများ များပြားလျက်ရှိသဖြင့် ပြပွဲကို ဇန်နဝါရီ ၃၁ ရက်(စနေနေ့)အထိ ရက်တိုးမြှင့်ပြီး ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၇-၁-၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုမြနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ပထမနှစ်(စိတ်ပညာ)
(ခ)ပထမနှစ် (အရှေ့တိုင်းပညာ)
၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တစ်ရေးချစ်ခွင့်"** (အပိုင်း-၁)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"** (အပိုင်း-၅)

ဘွဲ့နှင်းသဘင်ခန်းမ

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၂၅ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးဘဝတောင့်တင်းခိုင်မာပြီး တိုင်းရင်းသားပြည်သူများအားလုံး စားဝတ်နေရေး ပြည့်စုံချောင်လည်စေရေးနှင့် လူ့စွမ်းအား အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် အချက်များသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် မရှိလျှင်မဖြစ်သည့် လိုအပ်ချက်များပင်ဖြစ်ကြောင်း။

ကိုယ်ဖိရင်ဖိဆောင်ရွက်

ယင်းအခြေခံကြီးသုံးရပ် အကောင်အထည်ပေါ်ဖြစ်ထွန်းစေရေး၊ ပြည့်စုံစေရေးအတွက်ကို မဖြစ်မနေ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရင်းတစ်ချိန်တည်းမှာပင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ဦးစီးဦးဆောင်ပြုနေသည့် နိုင်ငံတော်အစိုးရအပိုင်းမှလည်း တာဝန်ရှိသလို ဆင့်ကဲဆင့်ကဲ တာဝန်ခံဆောင်ရွက်နေကြသည့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှာလည်း တာဝန်ရှိကြကြောင်း၊ သို့ဖြစ်၍ ယနေ့ ဤနေရာ၌ စုစည်းရောက်ရှိနေကြသည့် တာဝန်ရှိပုဂ္ဂိုလ်များအားလုံးက ယနေ့မှာကြားချက်များကို အလေးအနက်ထားပြီး မိမိတို့သွားမည့် အမျိုးသားရေးပန်းတိုင်ရောက်ရှိစေရမည်ဆိုသည့် သန္နိဋ္ဌာန်စိတ်ဓာတ်ဖြင့် လိုအပ်ချက်များ ပြည့်ပြည့်ဝဝ ဖြစ်ထွန်းစေရေးအတွက် ဆင့်ကဲဆင့်ကဲတာဝန်ယူ ကြိုးကြပ်ပြီး ကိုယ်ဖိရင်ဖိဆောင်ရွက်ကြဖို့ မှာကြားလိုကြောင်း။

မွန်ပြည်နယ်သည်အေးချမ်းသာယာသော ပြည်နယ်တစ်ခုဖြစ်သလို ကရင်ပြည်နယ်သည်လည်း မကြာသောကာလမှာ တည်ငြိမ်ငြိမ်းချမ်းသာယာတော့မည့် ရောင်ခြည်များ စတင်တွေ့နေရပြီဖြစ်ကြောင်း၊ ဤကဲ့သို့ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် ယုံကြည်မှု၊ အပြန်အလှန် ရိုးသားဖြောင့်မတ်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် တစ်နိုင်ငံလုံး အေးချမ်းသာယာပြီး တရားဥပဒေ စိုးမိုးရေးသည်လည်း အပြည့်အဝရရှိ ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတွင် တာဝန်အရှိဆုံး အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အပါအဝင် ဌာနဆိုင်ရာတွင် ဆင့်ကဲဆင့်ကဲတာဝန်ရှိသူများအားလုံးက တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ပြည်သူအများ စားဝတ်နေရေး ချောင်လည်ရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံပြီးစီးပွားရေးကို ထူထောင်နေသည့် တိုင်းပြည်ဖြစ်သည်နှင့်အညီ သမားရိုးကျစိုက်ပျိုးရေးမှသည် စက်မှုလယ်ယာစနစ် အောင်မြင်ဖြစ်ထွန်းပြီး နောက်တစ်ဆင့်တွင် စက်မှုနိုင်ငံကြီးကို ထူထောင်ကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးဘဝဖြစ်ထွန်းအောင်၊ လူနေမှု ဘဝမြင့်မားအောင်၊ တိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေးချောင်လည်အောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးလုပ်ငန်းသည် အဓိကဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍမှ တာဝန်ရှိသူများအားလုံးက ကိုယ်ဖိရင်ဖိ တာဝန်သိသိဖြင့် ကြိုးစားပမ်းစား စေတနာရှေ့ထားပြီး ဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

လူသားစွမ်းရည် အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေးအတွက် ကျန်းမာရေး ဌာနနှင့် ပညာရေးဌာနတွင် အဓိက တာဝန်ရှိကြောင်း။

ပညာရေးကဏ္ဍနှင့် ပတ်သက်ပြီး ဒေသ၏ လိုအပ်ချက်အပေါ် အခြေခံ၍ ဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း၊ မူလတန်းကျောင်းများ မဖွင့်ရသေးသည့် နေရာများမှာ ဖွင့်လှစ်ဖို့၊ အဆင့်မြှင့်ပေးရမည့်နေရာများ၌အဆင့်မြှင့်ဖို့ တာဝန်ရှိသူများက အောက်ခြေအထိဆင်းပြီး ဒေသ၏ လိုအပ်ချက် အခြေအနေမှန်သိရှိအောင် ဆောင်ရွက်ရမှာဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းအားလုံးတွင် တာဝန်ရှိသည်နှင့်အညီ ဌာနတစ်ခုချင်း၊ သူ့တာဝန် ကိုယ့်တာဝန်မခွဲဘဲ ပူးပေါင်းဆောင်ရွက်မှု၊ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှုဖြင့် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

စီမံကိန်းကဏ္ဍအလိုက် ကော်မတီများဖွဲ့ပြီး အပြန်အလှန် ကူညီပံ့ပိုးမှုများဖြင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်က စီမံကိန်းများ ချမှတ်ဆောင်ရွက်ရာတွင် စီမံကိန်းလုပ်ငန်းများ အောင်အောင်မြင်မြင် အကောင်အထည်ပေါ် ဖြစ်ထွန်းရေးမှာ အောက်ခြေအဆင့် အကောင်အထည်ဖော်မှုများ၊ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်မှု စာရင်းဇယား ကိန်းဂဏန်းများ မှန်ကန်မှုများအပေါ်မှာ တည်မှီလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်မှ တာဝန်ရှိသူများသည် ကိန်းဂဏန်းများ မှန်မှန်ကန်ကန် စိစစ်ပြီး မှန်ကန်သော ကိန်းဂဏန်းများဖြင့် ဝီရိယအား၊ စေတနာအားတို့ ပေါင်းစပ်ကာ ကြိုးစား အကောင်အထည်ဖော်ကြရန် လိုကြောင်း။

စွက်ဖက်သည့်မျိုးမရှိအပ်

လွန်ခဲ့သည့် ဇန်နဝါရီ ၁၇ ရက်က ရန်ကုန်မြို့မှာ တရားရေးဌာနနှင့် ဥပဒေရေးရာဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး မှာကြားဖွယ်ရာများကို မိမိမှာကြားခဲ့ပြီးဖြစ်ကြောင်း၊ တရားဥပဒေသည် နိုင်ငံ၏အသက်ပင်ဖြစ်ကြောင်း၊ တရားဥပဒေနှင့်အညီသာလျှင် နိုင်ငံကိုစီမံခန့်ခွဲရမှာ ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးယန္တရားသည်လည်း ဥပဒေနှင့်အညီသာလျှင် စီမံခန့်ခွဲရတာဖြစ်ကြောင်း၊ ဥပဒေကိုထိန်းသိမ်းသည့်ပုဂ္ဂိုလ်များ၊ ဥပဒေကိုအခြေခံပြီး တရားစီရင်ရသည့် ပုဂ္ဂိုလ်များအနေဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်ကြဖို့လိုမှာဖြစ်ကြောင်း၊ တရားစီရင်ရာတွင်လည်း ဥပဒေလက်လွတ်ဆောင်ရွက်တာမျိုး မဖြစ်စေဘဲ မှန်မှန်ကန်ကန် စီရင်ကြဖို့လိုကြောင်း၊ ဒေသအာဏာပိုင်များကလည်း ဥပဒေကိုကျော်လွှားပြီး ဝင်ရောက်စွက်ဖက်တာမျိုးလည်း မဖြစ်အပ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေများကို မှန်မှန်ကန်ကန် ကျင့်သုံးပြီး မှန်ကန်မျှတသည့် တရားစီရင်ရေးမှုနှင့်အညီ ကျင့်သုံးဆောင်ရွက်သွားမှသာလျှင် ပြည်သူများ၏ဘဝ လုံခြုံမှုရှိလာမှာဖြစ်ကြောင်း၊ ၎င်းကိုလည်း တရားရေးပိုင်းဆိုင်ရာ၊ ဥပဒေရေးပိုင်းဆိုင်ရာ ပုဂ္ဂိုလ်များက အလေးအနက်ထားပြီး ဆောင်ရွက်ကြဖို့ဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်းမှာ နိုင်ငံတော်က ဆောင်ရွက်ပေးနေသော ဖွံ့ဖြိုးရေးလုပ်ငန်းကြီးများ များစွာရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ လောလောဆယ်အားဖြင့် ထူးထူးခြားခြား ဆောင်ရွက်ပေးလျက်ရှိသည့် စီမံကိန်းလုပ်ငန်းကြီးမှာ မော်လမြိုင်–သံလွင်မြစ်ကူးတံတားကြီး တည်ဆောက်ရေးလုပ်ငန်းပင်ဖြစ်ကြောင်း၊ ဤတံတားကြီးသည် မြန်မာနိုင်ငံ၌ အကြီးဆုံး၊ အရှည်ဆုံး မော်တော်ယာဉ်နှင့် မီးရထားပါ ပြိုင်တူကူးနိုင်သည့် တံတားကြီးဖြစ်ကြောင်း၊ အကြီးဆုံးတံတား၊ အရှည်ဆုံးတံတား၊ တန်ဖိုးအရှိဆုံးတံတားကြီးဖြစ်ကြောင်း၊ ဤတံတားကြီး ပြီးစီးရေးအတွက် ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်အားလုံး၊ ဒေသအားလုံးအပေါ်မှာ မျှတစွာ ဖွံ့ဖြိုးတိုးတက်လာအောင် ကျေးလက်အထိဆင်း၍ လိုအပ်သည့်နေရာတိုင်းမှာ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် စိုက်ပျိုးရေးဖြစ်ထွန်းရေး၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် တောင်သူလယ်သမားများ၏ စီးပွားရေးအထောက်အကူဖြစ်စေရေးအတွက် အဇင်းဆည်၊ ဝင်းဖနုံဆည်၊ ဝါးပါးဆည်စသည့် ဆည်ကြီးများ တည်ဆောက်ပေးပြီးဖြစ်ကြောင်း၊ နောက်ထပ်လည်း ကတိုက်ဆည်ကဲ့သို့ တည်ဆောက်ဆဲဆည်များနှင့် ရေထိန်းတံခါးများလည်းရှိနေကြောင်း။

ဤစီမံကိန်းကြီးများ ဆောင်ရွက်ပေးနေခြင်းသည် နိုင်ငံတော်၏ စီးပွားရေးဘဝ အထောက်အကူပြုနိုင်ရေးနှင့် တောင်သူလယ်သမားများ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုနိုင်စေရန် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ယင်းစီမံကိန်းများမှာ တာဝန်ယူဆောင်ရွက်ပေးနေကြသည့် ပုဂ္ဂိုလ်များသည် နိုင်ငံတော်၏မျှော်မှန်းချက်၊ ရည်မှန်းချက်များ အကောင်အထည်ပေါ်ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးကြဖို့လိုကြောင်း၊ ဆည်ရေရရှိရေးအပြင် ဆည်ရေကို မှန်မှန်ကန်ကန် တန်ဖိုးရှိရှိ အသုံးပြုနိုင်အောင် လိုအပ်သည့်ရေသွယ်မြောင်းများပြည့်စုံအောင် ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း၊နွေစပါးစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးခြင်းဖြစ်သဖြင့် နွေစပါး အမှန်တကယ်စိုက်ပျိုးရေးကို ဦးဆောင် ပံ့ပိုးကူညီပေးမှသာလျှင် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံ တော်အတွက်၊ ပြည်သူအတွက်အကျိုး ဖြစ်ထွန်းမည်ဆိုသည်ကို ဌာနဆိုင်ရာများက သိမြင်ပြီး တာဝန်သိသိဖြင့် အားစိုက်ခွန်စိုက် ဆောင်ရွက်ကြဖို့လိုကြောင်း။

ဒေသမှာရှိကြသည့် ပြည်သူများကလည်း နိုင်ငံတော်အစိုးရက မိမိတို့အတွက် ငွေကုန်ကြေးကျခံပြီး ဆောင်ရွက်ပေးထားသည့်ဆည်မြောင်း၊ တာတမံကြီးများ မပျက်စီးရအောင် ထိန်းသိမ်းရေး၊ ဆည်ရေကို တန်ဖိုးရှိစွာ အသုံးပြုပြီး စိုက်ပျိုးရေးမှာ ထိထိရောက်ရောက် အထောက်အကူပြုစေရေးတို့ကို အသိတရားရှိရှိဖြင့် ဆောင်ရွက်ကြဖို့ လိုမှာဖြစ်ကြောင်း။

ခြုံငုံပြောရလျှင် နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါပြီး မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အစိုးရ၏ စေတနာနှင့် ဆောင်ရွက်ချက်များကို မွန်ပြည်နယ်အတွင်းမှာရှိကြသည့် ပြည်သူများနှင့် ဌာနဆိုင်ရာများက နားလည်သဘောပေါက်ဖို့ လိုကြောင်း၊ ပြည်နယ်အတွင်းမှာတာဝန်ရှိကြသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်မှဌာနဆိုင်ရာအကြီးအကဲများကလည်း တာဝန်နှင့်စေတနာပေါင်းစပ်ပြီး နိုင်ငံတော်၏ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ ဦးတည်ချက်များ အကောင်အထည်ပေါ် အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြဖို့လိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် အားလုံးက တာဝန်သိသိ၊ သစ္စာရှိရှိ၊ တက်ညီလက်ညီ ပူးပေါင်းလက်တွဲကြိုးပမ်းဆောင်ရွက်သွားရန် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၅ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပူဇော်ကန်တော့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၄ ရက် ညပိုင်းတွင် မော်လမြိုင်မြို့ သာသနာ့ဗိမာန်တော်ကြီးသို့သွားရောက်၍ မော်လမြိုင်မြို့ ကော့လှာပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသ အမှူးပြုသော မွန်ပြည်နယ် ဂိုဏ်းပေါင်းစုံမှ ဆရာတော်ကြီးများအား ပူဇော်ကန်တော့ကြသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရားကြီးအား ဖူးမြော် ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က မဟာမြတ်မုနိဘုရားအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဖူးမြော်ကြည်ညို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်သို့ ရောက်ရှိကြပြီး ရှေးဦးစွာဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျိုက်သလွံစေတီတော်မြတ်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ လောကမှန်ကူစေတီတော်နှင့် လောကဥဿျှောင်စေတီတော်တို့ကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင် ကျုက်သရေ ဆောင်ဆံတော်ရှင် ဓိနမာန်အောင် (ဦးဓိန) စေတီတော်ကို သွားရောက် ဖူးမြော်ကြည်ညိုကြပြီး စေတီတော် အတွက် အလှူငွေများကိုပေးအပ် လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာပြပွဲ ကြည့်ရှုအားပေးသူပြည်သူများဖြင့်စည်ကား၊ ပြပွဲရက် တိုးမြှင့်ပြသမည်

ရန်ကုန် ဇန်နဝါရီ ၂၆

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ပြပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park ၌ ဆဋ္ဌမနေ့အဖြစ် ဆက်လက်ကျင်းပရာ ယနေ့နံနက် ၁၀ နာရီတွင် MICT Week-2004 ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်နှင့် တာဝန်ရှိသူများ ပြခန်းများအား လိုက်လံကြည့်ရှုအားပေးကြပြီး ပြပွဲသို့ လူငယ်များ၊ ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများ၊ အသင်းအဖွဲ့များနှင့် ရပ်ကွက်ရှင်လူပြည်သူများ တစ်ဦးချင်းရော၊ ကျောင်းအလိုက်၊ ဌာနအလိုက်၊ အသင်းအဖွဲ့အလိုက်နှင့် မိသားစုအလိုက်ပါ လာရောက်လေ့လာကြည့်ရှုကြရာ လေ့လာကြည့်ရှုအားပေးကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဇန်နဝါရီ ၃၁ ရက်ထိတိုးမြှင့်ပြသမည်

ပြပွဲကို နေ့စဉ်နံနက်၉နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူတို့က စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသဖြင့် ပြပွဲကို ဇန်နဝါရီ ၃၁ ရက် (စနေနေ့)အထိ ရက်တိုးမြှင့်ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✡ ***ကျောဖုံးမှ***

မေး။ ။ယနေ့ အာရှ – ပစိဖိတ်ဒေသမှာ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေမှုအခြေအနေနှင့် ပတ်သက်ပြီးတော့ ဘယ်လောက်အထိ အရေးတကြီး ဖြစ်ပျက်နေတယ်။ ဖြစ်ပွားနေတဲ့နိုင်ငံတွေမှာ ဘယ်လို ဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ဒီကြက်ငှက်တုပ်ကွေးရောဂါဟာ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်အတွင်းမှာ တောင်ကိုရီးယားနိုင်ငံမှာ ဖြစ်တယ်ဆိုပြီး ကြက်ကောင်ရေ တစ်သိန်းသုံးသောင်းကျော်ကို ဖျက်ဆီးခဲ့ပါတယ်။ အခု ဇန်နဝါရီလဆန်းပိုင်းမှာကျတော့ ဂျပန်နိုင်ငံ ခရိုင်တစ်ခုမှာ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်တယ်ဆိုပြီးတော့ ကြက်ကောင်ရေ သုံးသောင်းခွဲလောက်ကို ဖျက်ဆီးဖြစ်ခဲ့ကြပါတယ်။ နောက်ပြီးတော့ ဗီယက်နမ်နိုင်ငံမှာလည်း ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့ပြီးတော့ အဲဒီတုပ်ကွေးရောဂါဟာ ကြက်မှတစ်ဆင့် ကြက်မွေးမြူထိန်းသိမ်းတဲ့ လူခြောက်ဦးကို ကူးစက်ပြီးသေဆုံးခဲ့တယ်လို့ ဆိုပါတယ်။ အလားတူ ထိုင်းနိုင်ငံမှာလည်း ကြက်ငှက် တုပ်ကွေးရောဂါဟာ ကွက်ကျား ကွက်ကျားဖြစ်နေရာကနေ ဇန်နဝါရီ ၂၃ ရက်မှာကျတော့ ကြက်တုပ်ကွေးရောဂါ ဖြစ်ပါတယ်ဆိုပြီး အတည်ပြုခဲ့ပါတယ်။ နောက် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ဗီယက်နမ်နိုင်ငံတွေရဲ့ အနီးပတ်ဝန်းကျင်မှာ ကြက်ငှက်တုပ်ကွေးလို့ အသိအမှတ်မပြုသေးတဲ့ ရောဂါတွေလည်း ဖြစ်နေကြတယ်လို့ သတင်းတွေမှာ ဖော်ပြထားတာ တွေ့ရှိရပါတယ်။

ဒီလို ရောဂါတွေဖြစ်တဲ့အတွက် ကြက်တွေကို သုတ်သင်ရှင်းလင်းတဲ့အခါမှာ ထိုင်းနိုင်ငံမှာဆို ကြက်ကောင်ရေ ခုနစ်သန်းလောက်ကို သုတ်သင်ရှင်းလင်းပြီးဖြစ်ပါတယ်။ တောင်ကိုရီးယားမှာဆိုလျှင် ကြက်နှစ်သန်းလောက်၊ ဗီယက်နမ်နိုင်ငံမှာ ကြက်နှစ်သန်းခွဲလောက်၊ ဂျပန်နိုင်ငံမှာတော့ ကြက်သုံးသောင်းလောက် သုတ်သင်ရှင်းလင်းခဲ့ကြပါတယ်။ ဒီရက်ပိုင်းလောက်မှာပဲ ကြက်ကောင်ရေ ၁၂ သန်းခန့် ဖျက်ဆီးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီ ကြက်ငှက်တုပ်ကွေးရောဂါရဲ့ ဂယက်ရိုက်ခတ်မှုကြောင့် ထိုင်းနိုင်ငံဆိုလျှင် သူ့နိုင်ငံကနေ ကြက်သားတင်သွင်းနေကြတဲ့ ဂျပန်နိုင်ငံနှင့် အီးယူနိုင်ငံတွေက ကြက်သားတွေကို မတင်သွင်းကြတော့တဲ့အတွက် ထိုင်းနိုင်ငံအနေနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ နစ်နာဆုံးရှုံးကြောင်း သိခဲ့ရပါတယ်။

မေး။ ။ကျွန်တော်တို့နိုင်ငံ ပတ်ဝန်းကျင်မှာ ဖြစ်ပေါ်နေတဲ့ ဒီလိုအနေအထားမျိုးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ ဘယ်လိုဆောင်ရွက်ထားပါသလဲ။

ဖြေ။ ။ကြက်ငှက်တုပ်ကွေးရောဂါ ဗီယက်နမ်နိုင်ငံမှာ ဖြစ်ပွားနေတယ်ဆိုတဲ့သတင်းကို သိရှိရတဲ့အချိန်ကစပြီး ကျွန်တော်တို့နိုင်ငံအနေနှင့် ဝင်ပေါက်၊ ထွက်ပေါက်တွေကို ပိတ်ထားလိုက်ပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရှိ ဝန်ထမ်းများကို ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းတွေ၊ သွင်ပြင်လက္ခဏာတွေ၊ ထိန်းသိမ်းမှုတွေ၊ ကြက်မွေးမြူရေးခြံတွေရဲ့ ကာကွယ်စောင့်ရှောက်ရမယ့် အပိုင်းတွေကို လက်ကမ်းစာစောင်တွေ ရိုက်နှိပ်ပြီး တစ်ပြည်လုံးဖြန့်ဝေပေးလိုက်ပြီး ဖြစ်ပါတယ်။

မေး။ ။ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ မွေးမြူရေးလုပ်ငန်းရှင်တွေကိုရော ဘယ်လို စည်းရုံးဆောင်ရွက်နေပါသလဲ။

ဖြေ။ ။မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဆိုတာ ရှိပါတယ်။ အဲဒီအဖွဲ့ချုပ်က အလုပ်အမှုဆောင်ကော်မတီဝင်တွေကို ဖိတ်ကြားပြီး ကြက်မွေးမြူရေးနှင့် နီးနွယ်နေတဲ့ ကြက်ဥ၊ ကြက်ပေါက် စသည်ဖြင့် တင်သွင်းတာတွေ၊ တင်ပို့တာတွေကို ချက်ချင်းရပ်ဆိုင်းစေတယ်။ အဖွဲ့ဝင်တွေကိုလည်း အမြန်နှိုးဆော်သတိပေး ညွှန်ကြားထားပြီးဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ဆီမှာ မြန်မာနိုင်ငံ ကြက်မွေးမြူရေးအသင်းဆိုတာလည်း ရှိပါသေးတယ်။ ဒီရောဂါဟာ အလွန်ဆိုးတယ်။ စီးပွားရေးအရ ဆုံးရှုံးတယ်။ လူကိုလည်း ကူးစက်နိုင်ကြောင်းနှင့် တင်သွင်းမှု၊ တင်ပို့မှု မလုပ်ပါနဲ့တော့ဆိုပြီး အလုပ်အမှုဆောင်ရော အသင်းဝင်တွေကိုရော ဖိတ်ကြားပြောဆိုပြီး ဖြစ်ပါတယ်။

မေး။ ။မွေးမြူရေးနဲ့ ရေလုပ်ငန်းဝန်ကြီးဌာနအနေနဲ့ အခြားဝန်ကြီးဌာနများနဲ့ ပူးပေါင်းဆောင်ရွက်မှု ရှိပါသလား။

ဖြေ။ ။နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကလည်း ကျွန်တော်တို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကြက်ငှက် တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနှင့် လူတွေကို ဒီရောဂါမကူးစက်အောင် ဆောင်ရွက်ပါဆိုပြီး ညွှန်ကြားမှုရှိတဲ့အတွက် ကျွန်တော်တို့ဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး လုပ်ငန်းတွေကို ဇန်နဝါရီ ၂၄ ရက်ကစပြီး ဆောင်ရွက်နေပြီဖြစ်ပါတယ်။

အဲဒီလိုဆောင်ရွက်ရာမှာ အဆင့်သုံးဆင့်ထားပြီး ဆောင်ရွက်ခဲ့ပါတယ်။ ပထမအဆင့်ကတော့ ထိုင်းနိုင်ငံနှင့်ဆက်စပ်နေတဲ့ ဝင်ပေါက်ထွက်ပေါက်တွေကို ပိတ်ထားပြီး ကြက်တွေမသွင်းနိုင်အောင် ကြပ်မတ်စစ်ဆေးလျက်ရှိပါတယ်။ အဆင့်(၂)အနေနဲ့ကတော့ ထိုင်းနှင့် မြန်မာနယ်စပ်မှာ ဆက်စပ်နေတဲ့ မြို့နယ် ၁၄ မြို့နယ်လောက်ရှိပါတယ်။အဲဒီ ၁၄မြို့နယ်မှာ ကြက်ကောင်ရေ ၂ဒသမ၃ သန်း လောက်ရှိပါတယ်။ ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဝန်ထမ်းများအနေနှင့် ကြက်ခြံတွေကိုသွားပြီး ကျန်းမာရေးအခြေအနေတွေကို မေးမြန်းစုံစမ်းတယ်။ ရောဂါဖြစ်တယ်လို့ သံသယရှိလျှင်လည်း ရုံးချုပ်ကို သတင်းပို့ပါတယ်။

အဲဒီလိုပါပဲ။ ကျန်းမာရေးဝန်ကြီးဌာနအနေနှင့်ကလည်း ကြက်မွေးမြူရေးနှင့် ဆက်စပ်လုပ်ကိုင်နေတဲ့ လူတွေကို မေးမြန်းစုံစမ်းပြီး သတင်းနှင့်အထောက်အထားတွေကို သက်ဆိုင်ရာရုံးချုပ်တွေကို ပို့ပေးနေပါတယ်။ အဆင့်(၃) အနေနဲ့ကျတော့ မွေးမြူရေးခြံတွေကို သွားရောက်ပြီး ကြက်တွေရဲ့ ကျန်းမာရေးအခြေအနေ၊ ရောဂါရှိလျှင်လည်း ရောဂါရဲ့အနေအထားတွေ ချက်ချင်းစစ်ဆေးသတင်းပို့ဖို့ကို သက်ဆိုင်ရာဒေသအာဏာပိုင်ကိုယ်စားလှယ်၊ ကျန်းမာရေးဝန်ကြီးဌာနကိုယ်စားလှယ်၊ ကျွန်တော်တို့ဌာနေ ကိုယ်စားလှယ်တွေ သွားရောက်စစ်ဆေးပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအဖွဲ့တွေက သက်ဆိုင်ရာရုံးချုပ်တွေကို သတင်းပို့ရပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနကနေတစ်ဆင့် ဝန်ကြီးချုပ်ရုံးကို သတင်းပို့ရပါတယ်။ ဒါကြောင့် ဒီကြက်ငှက်တုပ်ကွေးရောဂါနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ သတင်းအချက်အလက် တော်တော်များများ ရရှိနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီရောဂါနဲ့ ပတ်သက်ပြီး ဘာမျှ စိုးရိမ်စရာမရှိပါဘူးဆိုတာ တင်ပြလိုပါတယ်။

မေး။ ။ဆရာတို့ဌာနက ကြက်ငှက်တုပ်ကွေးရောဂါ မပြန့်ပွားအောင် ကြိုတင်ကာကွယ်ရေးအနေနှင့် ဘယ်လို ဆောင်ရွက်ထားပါသလဲ။

ဖြေ။ ။ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားအောင် ဆောင်ရွက်တာကတော့ ကြက်ခြံတွေကို သီးသီးသန့်သန့်ထားရှိအောင် ညွှန်ကြားထားပါတယ်။ ကြက်မွေးမြူရေးသမားများဟာ ကိုယ့်ခြံကနေမထွက်ဖို့၊ အခြားခြံကိုမသွားဖို့၊ အပြင်လူကိုလည်း ကြက်ခြံထဲမဝင်ဖို့ လိုပါတယ်။ အစားအစာကိုလည်း ကျန်းမာရေးနှင့်ညီညွတ်ပြီး လတ်ဆတ်တဲ့အစားအစာတွေ ကျွေးရပါတယ်။ လုပ်ငန်းသုံးပစ္စည်းကိရိယာတွေကိုလည်း သန့်သန့်ရှင်းရှင်း ဆောင်ရွက်ထားရှိရပါတယ်။ ခြံမှာနေတဲ့ လုပ်သားတွေအနေနှင့်လည်း ကြက်သားမစားဘဲနေတာ အကောင်းဆုံးဖြစ်ပါတယ်။ စားသောက်မယ်ဆိုလျှင် ဆူပွက်အောင်ချက်ပြုတ်ပြီးမှ စားသောက်သင့်ပါတယ်။

မွေးမြူရေးခြံရဲ့ ဝင်ပေါက်၊ ထွက်ပေါက်တွေမှာ ရောဂါပိုးသေစေတဲ့ ဆေးဖျန်းထားရပါတယ်။ အဲဒီဆေးဖျန်းထားတဲ့လမ်းကြောင်းကပဲ အဝင်၊ အထွက်လုပ်ရပါမယ်။ အဲဒီလို ဇီဝထိန်းချုပ်နည်းနှင့် ဆောင်ရွက်ခြင်းဟာ အကောင်းဆုံးပါပဲ။ ဒါဖြင့် ဒီရောဂါများ ကာကွယ်ဆေးမရှိဘူးလားဆိုတော့ ရှိပါတယ်။ ဒါပေမယ့် ဗိုင်းရပ်စ်ပိုးဟာ အမျိုးမျိုးရှိတဲ့အတွက် ဖြစ်တဲ့ရောဂါနှင့် ထိုးတဲ့ဆေးနှင့် ကိုက်ညီမှုရှိချင်မှ ရှိပါတယ်။ ဒါကြောင့် ဇီဝထိန်းချုပ်နည်းဟာ အကောင်းဆုံးဖြစ်ပါတယ်။

မေး။ ။ကျွန်တော်တို့နိုင်ငံအနေနှင့် ဒီကြက်ငှက်တုပ်ကွေးရောဂါ စိုးရိမ်စရာရှိပါသလား သိပါရစေ။

ဖြေ။ ။ကျွန်တော်တို့ မြန်မာနိုင်ငံအနေနှင့် ကြက်ငှက်တုပ်ကွေးရောဂါ စိုးရိမ်စရာမရှိပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အရ မွေးမြူရေးနှင့်ပတ်သက်ပြီး ဒေသကြက်၊ ဒေသဝက်မွေးမြူရေးကို ဆောင်ရွက်နေတာ အခု တတိယငါးနှစ်စီမံကိန်းအထိရောက်ရှိနေပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကြက်ကောင်ရေ ၆၂ သန်းရှိတဲ့အနက် တိုင်းရင်းကြက်က ၈၃ ရာခိုင်နှုန်းရှိတဲ့အတွက် ကောင်ရေအားဖြင့် သန်း ၅၀ လောက်ရှိပါတယ်။ တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်းကိုလည်း ကြက်အိမ်၊ ကြက်တင်း၊ အိပ်တန်းများဖြင့် စနစ်တကျ မွေးမြူစေပါတယ်။ အစားအစာကိုလည်း ကြက်တွေမှာဖြစ်တတ်တဲ့ရောဂါကို ကာကွယ်ပေးစေတဲ့ စပါးလင်၊ ဒန့်သလွန်ရွက်၊ ပေါက်ပန်းဖြူရွက်၊ ဘောစကိုင်းရွက် စတာတွေကို ကျွေးမွေးစေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေနှင့် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားဖို့ အခွင့်အလမ်း အလွန်နည်းပါးပါတယ်။

နောက်ပြီး စီးပွားဖြစ် မွေးမြူထားတဲ့ မွေးမြူရေးဟာလည်း အခြားနိုင်ငံတွေနှင့်စာလျှင် အလယ်အလတ်အဆင့်ပဲ ဖြစ်ပါတယ်။ ပြည်ပတင်ပို့မှုလည်းမရှိပါဘူး။ ပြည်တွင်းတင်သွင်းမှုဆိုတာကလည်း မျိုးကြက်ဥနှင့် ကြက်သားပေါက်လောက်ပဲ တင်သွင်းပါတယ်။ အခုတော့ ပိတ်ပင်ထားပြီးဖြစ်ပါတယ်။ ကြက်ငှက်တုပ်ကွေးရောဂါဟာ လူကို ကူးစက်ဖို့ အခွင့်အလမ်း အလွန်နည်းပါတယ်။ ကြက်မွေးမြူရေးသမားတွေမှာသာ ကူးစက်နိုင်ပါတယ်။ ဒီရောဂါဟာ ကြက်ငှက်တုပ်ကွေးရောဂါရနေတဲ့ ကြက်ငှက်ကသာ တစ်ဆင့်ကူးစက်ခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ကလည်း ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးကို အထူး အလေးထား ဆောင်ရွက်နေတဲ့အတွက် ကျွန်တော်တို့နိုင်ငံအနေနှင့် အထူးစိုးရိမ်စရာမရှိပါဘူးလို့ ပြောကြားလိုပါတယ်။

ထို့နောက် ကျွန်တော်တို့သတင်းအဖွဲ့သည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင်အေးကြည်တို့လည်း ကြက်ငှက်တုပ်ကွေးရောဂါလက္ခဏာအခြေအနေကို မေးမြန်းခဲ့ပါတယ်။

မေး။ ။ကြက်ငှက်တုပ်ကွေးရောဂါ ဘာကြောင့်ဖြစ်သလဲ ဆိုတာ ရှင်းပြလိုပါတယ်။

ဖြေ။ ။ကြက်ငှက်တုပ်ကွေးရောဂါ ဘာကြောင့် ဖြစ်ရသလဲဆိုရင် Othomyxoviridae Family ထဲမှာပါတဲ့ Othomyxovirus ကြောင့် ဖြစ်ပွားရခြင်း ဖြစ်ပါတယ်။ အဲဒီဗိုင်းရပ်စ်မှာဆိုရင် Glycoprotein လို့ခေါ်တဲ့ ပရိုတင်း နှစ်မျိုးပါပါတယ်။ အဲဒီပါဝင်တဲ့ ပရိုတင်းနှစ်မျိုးပေါ်မှာ မူတည်ပြီးတော့ အုပ်စုသုံးစုခွဲထားပါတယ်။ အဲဒီအုပ်စုသုံးခုကတော့ Type A,B,C တို့ ဖြစ်ပါတယ်။ Type A အမျိုးအစား ရောဂါဟာဆိုလျှင် ကြက်၊ ငှက်၊ ဝက်၊ မြင်းနှင့် လူတွေမှာ ဖြစ်စေတဲ့ ရောဂါ ဖြစ်ပါတယ်။ Type B မှာကတော့ လူမှာဖြစ်ပွားစေတဲ့ အမျိုးအစားဖြစ်ပါတယ်။ Type C ကတော့ လူနှင့်ဝက်မှာ ဖြစ်ပွားတဲ့ အမျိုးအစားဖြစ်ပါတယ်။ Type A မှာ ပါဝင်တဲ့ ပရိုတင်းနှစ်မျိုးဟာဆိုလျှင် Haemagglutinin လို့ခေါ်တဲ့ H Antigen နှင့် Neurarnidase လို့ ခေါ်တဲ့ N Antigen ဖြစ်ပါတယ်။ H Antigen အမျိုးအစားက (တစ်)ကနေ (၁၅)အထိ N ခေါ်တဲ့ Neurannindase အမျိုးအစားကတော့ တစ်ကနေ ကိုးမျိုးရှိပါတယ်။ ဒီအုပ်စု အမျိုးအစားပေါ်မှာ မူတည်ပြီးတော့ ကွဲပြားသွားကြပါတယ်။ အဲဒီအထဲမှာဆိုလျှင် H 5 နှင့် H 7 ဟာ လူကိုလည်း ကူးစက်စေနိုင်ပါတယ်။ ဒါကြောင့် ရောဂါပြင်းထန်စေတဲ့ အမျိုးအစားများပါဝင်ပါတယ်။ အခု ဟောင်ကောင်နှင့် ကိုရီးယားမှာဖြစ်နေတဲ့ အမျိုးအစားကတော့ H5နဲ့ N1 ဖြစ်ပါတယ်။

မေး။ ။ကြက်တွေမှာ ဒီရောဂါစွဲကပ်လာပြီဆိုလျှင် ဘယ်လိုလက္ခဏာ တွေ့မြင်ရပါသလဲ။

ဖြေ။ ။ဒီရောဂါရလာတယ်ဆိုလျှင် ကြက်တွေဟာ လုံးဝမှိုင်ကုပ်သွားတာ တွေ့ရပါတယ်။ ရုတ်တရက် သေဆုံးသွားတာတွေ့ရပါတယ်။ နောက်ပြီးရောဂါရနေတဲ့ ကြက်ဟာ ရေကိုမကြာခဏ သောက်တာကိုတွေ့ရပါတယ်။ အစာစားလည်း ပျက်ပါတယ်။ နှာရည်ကျပြီး ချောင်းဆိုးတာ၊ အသက်ရှူကျပ်တာ တွေ့ရပါတယ်။ အဲဒီကြက်ရဲ့ မျက်နှာတွေဟာ ရောင်ရမ်းနေပြီး အမောက်နှင့် လည်ပင်းတွေမှာ အပြာရောင်ဖြစ်နေပါတယ်။ ဦးခေါင်း၊ မျက်နှာနှင့် လည်ပင်းတွေမှာလည်း ရောင်နေတတ်ပါတယ်၊ ခြေထောက်မှာလည်း သွေးတွေစုစည်းပြီးတော့ အဆစ်တွေ ရောင်ရမ်းနေပါတယ်။ နောက်ပြီး ချေးပါတဲ့အခါမှာလည်း အဖြူရောင်၊ အစိမ်းရောင်ပါတတ်ပါတယ်။ ဥစားကြက်တွေမှာတော့ ဥနှုန်းကျတာတွေ့ရပါတယ်။ ဒီကြက်ငှက်တုပ်ကွေးရောဂါဖြစ်တဲ့ ကြက်သေကို ခွဲစိတ်ကြည့်ရှုမယ်ဆိုလျှင် အမြစ်ဦးပိုင်းမှာ သွေးယိုစီးနေပါတယ်။အသည်း၊ သရက်ရွက်တို့မှာ အဖြူရောင်အစက်ကလေးတွေ တွေ့ရတတ်ပါတယ်။ ဥသိမ်တွေကလည်း ကျုံ့နေတတ်ပါတယ်။ အစာရေမျိုနှင့် လေပြွန်မှာ သွေးယိုစီးနေပါတယ်။ ထူးခြားချက်ကတော့ ကြက်လည်လိမ်ရောဂါမှာ မတွေ့ရှိရတဲ့ ရင်အုပ်ရဲ့အတွင်းပိုင်းမှာ သွေးယိုစီးနေတာ တွေ့ရပါတယ်။ ဒါဆိုလျှင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်နေပြီလို့ ဆိုရပါမယ်။

မေး။ ။ဒီလိုကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလာခဲ့လျှင် ဆုံးရှုံးမှုအပိုင်းကိုလည်းသိပါရစေ။

ဖြေ။ ။ဒီလို ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားလာလျှင် အဲဒီ ကြက်ခြံဟာ ၄၀ ရာခိုင်နှုန်းကနေ ၁၀၀ ရာခိုင်နှုန်းအထိ ဆုံးရှုံးတတ်ပါတယ်။

မေး။ ။အဲဒီ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှု အခြေအနေကိုလည်း ရှင်းပြလိုပါတယ်။

ဖြေ။ ။ရောဂါကူးစက်မှုကတော့ လေကနေ ကူးစက်နိုင်တာမျိုးရှိသလို ရောဂါပိုးပါတဲ့ အသုံးအဆောင်ပစ္စည်းများနှင့် ရေတို့ကတစ်ဆင့်လည်း ကူးစက်နိုင်ပါတယ်။ နှာချေခြင်း၊ ချောင်းဆိုးခြင်းကလည်း ကူးစက်နိုင်ပါတယ်။ ကြက်ချေးကလည်းကူးစက်နိုင်ပါတယ်။

မေး။ ။ဘယ်လိုသတ္တဝါတွေကို ကူးစက်တတ်ပါသလဲ။

ဖြေ။ ။ကြက်ငှက်တုပ်ကွေး ရောဂါကူးစက်နိုင်တဲ့ တိရစ္ဆာန်တွေကတော့ ကြက်၊ ကြက်ဆင်၊ ဇာမဏီငှက်၊ ငုံး၊ ခို၊ ရေကြက်တွေမှာ ဖြစ်နိုင်ပါတယ်။ အဲဒီ တိရစ္ဆာန်များအနေနှင့် ရောဂါပိုးသယ်ဆောင်တဲ့ တိရစ္ဆာန်များဖြစ်တဲ့အတွက် အဲဒီတိရစ္ဆာန်တွေကို အထူး ဂရုထားဖို့ လိုပါတယ်။

မေး။ ။အဲဒီ ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်တယ်လို့ သံသယဝင်လျှင် ဘယ်လို စစ်ဆေးမှုတွေကို ဆောင်ရွက်ရပါသလဲ။

ဖြေ။ ။ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပြီလို့ သံသယဝင်လျှင် လည်ချောင်း၊ စအိုတို့မှ အရည်နှင့် ကြက်ချေးတို့ကို စစ်ဆေးခြင်းဖြင့် သိရှိနိုင်ပါတယ်။ ကြက်အသေကိုတော့ ဦးနှောက်၊ အသည်း၊ နှလုံး၊ သရက်ရွက်တို့မှာ စစ်ဆေးနိုင်ပါတယ်။ ကြက်ခြံတစ်ခုမှာ ဒီရောဂါရှိ–မရှိကို သွေးရည်ကြည်ကိုယူပြီးတော့လည်း စစ်ဆေးနိုင်ပါတယ်။ ရောဂါပိုးခွဲခြားခြင်းကိုတော့ အဆင့်မြင့်စစ်ဆေးမှုနှင့် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်”ဟု ရှင်းပြသည်။ ။

လူတွင်ဖြစ်ပွားနိုင်သော ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးသတိပေးနှိုးဆော်ချက်

၁။ ယခုအခါ အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအချို့၌ ကြက်ငှက်တုပ်ကွေးရောဂါများဖြစ်ပွားလျက်ရှိပါသည်။ ဤရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားပြီး ကြက်ငှက်များမှ တစ်ဆင့် လူများသို့ ကူးစက်ပျံ့နှံ့ကာ ရောဂါဖြစ်ပွားစေနိုင်ပါသည်။

၂။ မြန်မာနိုင်ငံတွင် ဖြစ်ပွားခြင်းမရှိသေးသော်လည်း ကြက်ငှက်တုပ်ကွေးရောဂါ ဝင်ရောက်မလာနိုင်ရေးအတွက် ကာကွယ်ထားရန် အထူးလိုအပ်လျက်ရှိပါသည်။

၃။ ကြက်ငှက်များတွင် ဖြစ်ပွားသော တုပ်ကွေးရောဂါလက္ခဏာများမှာ–
(က) ကြက်ငှက်များ ရုတ်တရက်သေဆုံးမှုများလာခြင်း၊ ဥကြက်တွင်ဥနှုန်းကျသွားခြင်း
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့်နှာရည်ကျခြင်း
(ဃ) ဦးခေါင်းနှင့်မျက်နှာဖောရောင်လာခြင်း
(င) အမောက်နှင့်ပါးပျဉ်းရောင်၍ ပြာနှမ်းလာခြင်း
(စ) ခြေထောက်နှင့်ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်ပြောက်များ ပေါ်လာခြင်း
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ်သေဆုံးနိုင်ခြင်းတို့ဖြစ်ပါသည်။

၄။ ကြက်ငှက်များတွင် တုပ်ကွေးရောဂါမဖြစ်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ–
(က) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင်ထားခြင်း
(ခ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များတင်သွင်းမွေးမြူမှုမပြုခြင်း
(ဂ) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်၊ သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှုမပြုခြင်း
(ဃ) မည်သူမဆို ကြက်ခြံအတွင်းသို့ဝင်ရောက်ပါက သတ်မှတ်ထားသော ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များဝတ်ဆင် ဝင်ရောက်ခြင်း၊
(င) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများမဝင်ရောက်ရန် ထုံး၊ ပိုးသတ် ဆေးများသုံး၍ ပုံမှန်သန့်ရှင်းခြင်း၊
(စ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့သွားရောက်မှုမပြုခြင်း နှင့် သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှ မိမိခြံတွင်းဝင်ရောက်ခြင်းတို့ ဖြစ်ပါသည်။

၅။ ကြက်ငှက်များမှတစ်ဆင့် လူများသို့ကူးစက်ခြင်းကို ကာကွယ်ရန်အတွက် ကြက်ငှက်များနှင့် ခြံထွက်ပစ္စည်းများ ကိုင်တွယ်ပြီးနောက် ကူးစက်မှုမရှိရန်–
(က) လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊
(ခ) ကြက်ငှက်အညစ်အကြေးများမှ ရောဂါမပြန့်ရန် ပိုးသန့်စင်ခြင်း၊
(ဂ) ကြက်ခြံနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှုကို စနစ်တကျပြုလုပ်ခြင်း၊
(ဃ) ယခုကာလအတွင်း စားသောက်ဆိုင်များတွင် တောရိုင်းငှက်များကို သိုလှောင်၊ ချက်ပြုတ်၊ ရောင်းချမှုရှောင်ကြဉ်ခြင်း စသည့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ပါသည်။

၆။ ကြက်ငှက်များနှင့်ထိတွေ့မှုရှိသော လူများတွင် ရောဂါကူးစက်မှုဖြစ်လာပါက–
(က) ပြင်းထန်စွာ ဖျားခြင်း၊
(ခ) ချောင်းဆိုးခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူရန်ခက်ခဲခြင်း စသည်တို့ဖြစ်ပွားပြီး သေဆုံးနိုင်ပါသည်။

၇။ ကြက်ငှက်များတွင် တုပ်ကွေးဖြစ်ပွားသေဆုံးခြင်းများတွေ့ရှိပါက သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားရန်နှင့် ကြက်ငှက်များနှင့်ထိတွေ့မှုရှိသောလူများတွင် တုပ်ကွေးရောဂါလက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ပြသ၍ ကုသမှုခံယူရန် သတိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန။

‘ဝ’ဒေသတွင် လူထုအခြေပြုမူးယစ်ဆေးဝါးလျှော့ချရေး၊ ထုတ်လုပ်မှုနှင့်သုံးစွဲမှုကင်းရှင်းရေးဆောင်ရွက် မူးယစ်ဆေးသုံးစွဲသူများလျှော့ချနိုင်ရန်နှင့် ဆက်လက်တည်တံ့သောကျန်းမာရေးစနစ် ထူထောင်နိုင်ရန်ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၂၆

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဦးဆောင်၍ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ အဖွဲ့ဝင်များဖြစ်ကြသော အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့ ပါဝင်သော ဝန်ကြီးငါးဦးသည် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူး ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ချက်များ လေ့လာရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းများသို့ ဇန်နဝါရီ ၂၃ရက်မှစ၍ သွားရောက်လေ့လာလျက်ရှိရာ ဇန်နဝါရီ ၂၄ရက်က ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်လေ့လာကြသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး သင်တန်းကျောင်း ခေတ္တကျောင်းအုပ် ဦးကျော်ကျော်ဦးနှင့် ကျိုင်းတုံဒီဂရီကောလိပ် လက်ထောက်မော်ကွန်းထိန်း ဒေါ်ဝေဝေနိုင်တို့က ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြသ

ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် နံနက်၉နာရီခွဲတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် ကျိုင်းတုံမှ ထွက်ခွာခဲ့ရာ ၁၀ နာရီ ၁၀ မိနစ်တွင် မိုင်းပေါက်သို့ ရောက်ရှိကြသည်။ မိုင်းပေါက်တွင် တိုင်းရင်းသားခေါင်းဆောင် ဦးအိုက်ဖူးနှင့်အဖွဲ့က ကြိုဆိုကြသည်။ ဆက်လက်၍ ‘ဝ’ဒေသ အစားထိုးဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ စီမံကိန်းရုံးတွင် UNODC ဌာနေကိုယ်စားလှယ် မစ္စတာလီမင်ဟုက နှုတ်ခွန်းဆက်စကား ပြောကြားပြီး စီမံကိန်းမန်နေဂျာ မစ္စတာ ဂျယ်ရမီမီလ်ဆင်က စီမံကိန်း လုပ်ငန်းများကို ရှင်းလင်းတင်ပြရာတွင် ‘ဝ’အထူးဒေသ မိုင်းပေါက်ခရိုင်အတွင်း မြို့နယ်ငါးမြို့နယ်၊ ကျေးရွာ ၃၃၇ ရွာ၌ အိမ်ထောင်စုပေါင်း ၈၄၅၂ စုရှိပြီး လူဦးရေ ၄၄၁၄၃ ဦးရှိကြောင်း၊ လူမျိုး ၁၂ မျိုးနေထိုင်ပြီး အဓိက လားဟူ ရှမ်းနှင့် ‘ဝ’လူမျိုးတို့ အများဆုံးနေထိုင်ကြောင်း၊ စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ ‘ဝ’ဒေသတွင် လူထုအခြေပြု မူးယစ်ဆေးဝါးလျှော့ချရေး၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သုံးစွဲမှုကင်းရှင်းရေး၊ ရေရှည်တည်တံ့အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စီမံကိန်း၏ အဓိကလုပ်ငန်းဌာနခွဲ ခြောက်ခုအနက် ကျန်းမာရေးကဏ္ဍတွင် ပြည်သူလူထုအတွင်း ၎င်းတို့ကိုယ်တိုင်သိရှိစွမ်းဆောင်နိုင်မှုရှိလာစေရေးနှင့် ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှုတိုးတက် ကောင်းမွန်လာစေရန်၊ လက်ရှိကာလနှင့် အနာဂတ်ကာလတွင် မူးယစ်ဆေးဝါးသုံးစွဲသူများ လျှော့ချနိုင်ရန်နှင့် စီမံကိန်းပြီးဆုံးပြီးနောက် ဆက်လက်တည်တံ့သော ကျန်းမာရေးစနစ် ထူထောင်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံအဆောက်အအုံကဏ္ဍတွင် ဒေသဆိုင်ရာစွမ်းဆောင်ချက် မြင့်မားလာစေရန် လူမှုရေး၊ စီးပွားရေးအဆောက်အအုံများ တည်ဆောက်ခြင်းဖြင့် ဈေးကွက်များသို့ ရောက်ရှိစေရေး၊ လိုအပ်သော ဝန်ဆောင်မှုများရရှိစေနိုင်ရေးနှင့် ဆက်သွယ်ရေးခက်ခဲခြင်းများ လျှော့ချနိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးကဏ္ဍတွင် ဒေသလူထုအတွင်း ပညာရည်မြင့်တင်ပေးရန်နှင့် နိုင်ငံတော်အစိုးရ ပြဋ္ဌာန်းချက် သင်ရိုးညွှန်းတမ်းအတိုင်း ဆက်လက်လေ့လာ ဆည်းပူးနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေး ကဏ္ဍတွင် ဒေသတွင်းရှိ ပြည်သူများ၏ အရည်အသွေးတိုးတက်မြင့်မားစေရန်နှင့် သဘာဝအရင်းအမြစ်များကို ကောင်းစွာထိန်းသိမ်း၍ ရိက္ခာဖူလုံအောင် ထုတ်လုပ်ရန်နှင့် ဝင်ငွေ တိုးတက်ရရှိစေရန်တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သတင်းအချက်အလက်ရှာဖွေစုဆောင်းမှု ကဏ္ဍတွင်လည်း ဘိန်းစစ်တမ်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၀၃ ခုနှစ်တွင် စီမံကိန်း ငါးမြို့နယ်၌ ကျေးရွာ ၃၃၇ ရွာတွင် ဆောင်ရွက်ခဲ့ရာ စုစုပေါင်း ဘိန်းစိုက်ပျိုးမှု ၁၉၁၅ ဧကရှိကြောင်း၊ ၂၀၀၂ ခုနှစ်နှင့်စာလျှင် ၁၉ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ကြောင်း၊ ထို့ပြင် ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍတွင်လည်း အထူးသဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ကျေးလက်လူထု ပူးပေါင်းပါဝင်လာစေရန်နှင့် သက်ဆိုင်ရာလုပ်ငန်းအလိုက် လိုအပ်ချက်အပေါ်မူတည်ပြီး ကျေးလက်ပြည်သူများအား ပညာပေးခြင်း၊ သင်တန်းပေးခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤသို့‘ဝ’ဒေသ အစားထိုးဖွံ့ဖြိုးရေး စီမံကိန်း ဆောင်ရွက်ပေးနိုင်မှုကြောင့် စီမံကိန်းဒေသအတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ သိသိသာသာ လျော့နည်းကျဆင်းခဲ့ကြောင်း၊ ၁၉၉၉ ခုနှစ်တွင် ဘိန်းစိုက်ဧက ၁၂၁၂ ဟက်တာရှိခဲ့ရာမှ ၂၀၀၂ခုနှစ်တွင် ၉၅၆ ဒသမ ၃၇ ဟက်တာသာရှိခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် ၇၇၅ ဒသမ ၅၃ ဟက်တာအထိ ကျဆင်းသွားကြောင်း၊ ၂၀၀၄ ခုနှစ်တွင် ဟက်တာ ၅၀၀ ခန့်အထိ ကျဆင်းသွားမည်ဟု ခန့်မှန်းထားကြောင်း စသည်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်း ဌာနေကိုယ်စားလှယ်များ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။ ဆက်လက်ပြီး မိုင်းပေါက်ဆေးရုံသို့ သွားရောက်လေ့လာရာ တာဝန်ခံ ဆရာဝန် ဒေါက်တာစောအောင်လှက လိုက်လံရှင်းလင်းပြသသည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် မိုင်းပေါက်မှ နံနက် ၁၁ နာရီခွဲတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ပန်ဆန်းသို့ ၁၁နာရီ ၅၀မိနစ်တွင် ရောက်ရှိကြသည်။ ပန်ဆန်းတွင် တိုင်းရင်းသားခေါင်းဆောင် ဦးလီဇီးယူနှင့်အဖွဲ့က ကြိုဆိုကြပြီး ရှင်းလင်းဆောင်တွင် ‘ဝ’တိုင်းရင်းသားခေါင်းဆောင် ဦးပေါက်ယူချန်းက ရှင်းလင်းပြောကြားရာတွင် ၁၉၈၉ခုနှစ် ဧပြီလ ၁၇ ရက်နေ့မှစ၍ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူခဲ့ကြောင်း၊ လွန်ခဲ့သည့် ၁၅ နှစ်အတွင်း နိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂနှင့်နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံအလိုက်ကူညီမှုများကြောင့် ‘ဝ’ဒေသ၏ သမိုင်းတစ်ခေတ်ကို နက်ရှိုင်းစွာ တိုးတက်ပြောင်းလဲစေခဲ့ကြောင်း။



မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဦးဆောင်သော ဝန်ကြီးများနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ မိုင်းမောဒေသတွင် လက်ဖက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (မူးယစ်ဗဟို)

ထိုသို့ တိုးတက်လာသည်နှင့်အမျှ ၂၀၀၅ ခုနှစ်တွင် မူးယစ်ဆေးဝါးပပျောက်ရန် ဦးတည်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုးတက်ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းများနှင့်ပတ်သက်၍ လမ်းဖောက်လုပ်မှုကဏ္ဍတွင် ၁၉၈၉ ခုနှစ်မတိုင်မီက လမ်းအရှည်စုစုပေါင်း ကီလိုမီတာ ၃၀၀ ရှိခဲ့ရာမှ ယခုကီလိုမီတာ ၁၈၀၀ အထိ တိုးချဲ့နိုင်ခဲ့ကြောင်း၊ ထို့အပြင် အခြား‘ဝ’ဒေသမြောက်ပိုင်း၊ တောင်ပိုင်းမြို့နယ်များအထိ ဆက်သွယ်သည့်လမ်းအရှည်အား ကီလိုမီတာ ၃၀၀၀ ကျော်နှင့် တံတားပေါင်း ၂၅၀ကျော် တည်ဆောက်နိုင်ခဲ့ကြောင်း၊ စွမ်းအင်ကဏ္ဍတွင် ၁၉၈၉ ခုနှစ်မတိုင်မီက ကီလိုဝပ် ၄၀ ရေအားလျှပ်စစ်စက်ရုံ တစ်ရုံသာရှိခဲ့ရာမှ ယခုအခါ ခုနစ်ရုံအထိ တိုးချဲ့နိုင်ခဲ့ပြီး စုစုပေါင်းကီလိုဝပ် ၁၃၅၆၀ ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ထိုသို့ ထုတ်လုပ်ပေးနိုင်မှုကြောင့် စက်မှုဖွံ့ဖြိုးရေးနှင့် စီးပွားရေးအတွက်များစွာအကျိုးဖြစ်ထွန်းခဲ့ကြောင်း၊ မြို့ပြတည်ဆောက်မှုအပိုင်းတွင်လည်း ပန်ဆန်း၊ မိုင်းမောနှင့် နမ့်တစ်မြို့များကို ‘ဝ’မြောက်ပိုင်းဒေသတွင် ယခုတွေ့မြင်နေရသည့်အတိုင်း ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ အလားတူ ‘ဝ’တောင်ပိုင်းဒေသကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

စီမံကိန်းများချမှတ်ဆောင်ရွက်နိုင်ခဲ့

စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ‘ဝ’မြောက်ပိုင်းဒေသ စိုက်ပျိုးရေး၌ နိုင်ငံတော်အစိုးရ၏ ကူညီမှုဖြင့် ဝမ်လင်းဆည်နှင့် မိုင်းကာဆည်ရေသွယ်မြောင်းဖောက်လုပ်မှုလုပ်ငန်းများကြောင့် ကုန်းမြင့်ဒေသစံပြစိုက်ခင်းများအဖြစ် တိုးတက်ဖြစ်ထွန်းမှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အတူ မြို့နယ်တိုင်းတွင်လည်း စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရန် စီမံကိန်းများချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ‘ဝ’မြောက်ပိုင်းဒေသတွင် ၁၉၈၉ခုနှစ်မတိုင်မီက ရိက္ခာဝမ်းစာလေးလမှ ခြောက်လအထိသာဖူလုံခဲ့ရာမှ ယခုအခါ ခြောက်လမှ ရှစ်လအထိ ဖူလုံလာသည်ကိုတွေ့ရကြောင်း၊ ‘ဝ’တောင်ပိုင်းဒေသတွင် ရေသွယ်မြောင်း ၂၇ခု၊ ဆည်ခြောက်ခု၊ လယ်ထွန်စက် အစီး၁၂၀၊ ကျွဲ နွား အကောင် ၅၅၀ ဝယ်ယူ၍ တောင်သူများအား အတိုးမဲ့ ဖြန့်ဝေပေးနိုင်ခဲ့သဖြင့် ၂၀၀၃ခုနှစ်တွင် ဆန်တန်ချိန် ၃၂၅၀၀အထိ ထုတ်လုပ်နိုင်ခဲ့ပြီး တန်ချိန်၆၀၀၀အထိ ပိုလျှံစပါးများကို ပြင်ပသို့ရောင်းချနိုင်ခဲ့ကြောင်း၊ ပြောင်းအတွက်တိုးတန်ချိန်၃၀၀၀ကိုလည်း ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ မွေးမြူရေးကဏ္ဍတွင် ဟုန်ပန်းမွေးမြူရေးခြံအကြီးနှစ်ခုကို မြောက်ပိုင်းနှင့် တောင်ပိုင်းတွင် တည်ထောင်နိုင်ခဲ့သဖြင့် ဒေသလိုအပ်ချက်ကို ပြည့်စုံစွာဖြည့်ဆည်းနိုင်ခဲ့ကြောင်း၊ ဘိန်းအစားထိုးစိုက်ပျိုးရေးကဏ္ဍတွင် နှစ်ရှည်ပင် ရော်ဘာ၊ ကျွန်းနှင့်သစ်မာများကို စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ရော်ဘာ စုစုပေါင်း ၁၈၁၂၂ ဧကနှင့် ကျွန်းပင် ၈၀၀၀၀စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နှစ်တိုသီးနှံ လိုက်ချီး၊ လိမ္မော်၊ သရက်၊ သံပရာ၊ နှင်းသီး၊ လက်ဖက်နှင့် စပျစ် စုစုပေါင်း ဧက ၃၆၈၆၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း။

စက်မှုနှင့်သတ္တုကဏ္ဍတွင်စီးကရက်စက်ရုံ၊ ဝိုင်အရက်ချက်စက်ရုံ၊ ကျောက်မျက်ရတနာလုပ်ငန်း၊ စက္ကူစက်ရုံ၊ သတ္တုစက်ရုံ၊ မီးခြစ်စက်ရုံ၊ ရေသန့်စက်ရုံ၊ အုတ်စက်ရုံ၊ ဘီယာချက်စက်ရုံနှင့် စားသောက်ကုန်စက်ရုံများကိုလည်း ထူထောင်နိုင်ခဲ့ကြောင်း၊ ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍတွင် ကျောင်းပေါင်း ၂၈၈ ကျောင်းရှိရာ အလယ်တန်းကျောင်း ခြောက်ကျောင်း ပါဝင်ကြောင်း၊ ကျောင်းသား ၂၅၇၉၆ ဦးရှိကြောင်း၊ နိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂနှင့် ‘ဝ’ဒေသတို့မှ ထောက်ပံ့ငွေများဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောင်းဆရာ ၉၈၈ဦး ရှိကြောင်း၊ ဆေးရုံ ၂၀၊ ဆေးပေးခန်း ၁၀၆ခန်းနှင့် ကျန်းမာရေးအမှုထမ်း ၅၉၁ဦးရှိကြောင်း၊ ‘ဝ’ဒေသ၏အဓိကအခန်းကဏ္ဍအဖြစ် ၂၀၀၃ခုနှစ်တွင် အမျိုးသမီးအဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းတည်ထောင်ပေးနိုင်ခဲ့ကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးကဏ္ဍ၌ ‘ဝ’တောင်ပိုင်းဒေသတွင် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးကို ၁၉၉၆ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ‘ဝ’ဒေသတွင် လူဦးရေ ခြောက်သိန်းကျော်ရှိပြီး အုပ်ချုပ်ရေးခရိုင် ၂၉ခရိုင်၊ လူမျိုးစု ၁၆စု နေထိုင်လျက်ရှိကြောင်း၊ ဘိန်းစိုက်ပျိုး မှုလေ့လာစမ်းစစ်ချက်အရ မိုင်းမော၊ ဝိန်းကောင်၊ မိုင်းပေါက်၊ လုံထန်၊ နမ့်တစ်၊ ပန်ဆန်းနှင့် မိုင်းပြင်းဒေသများတွင် ဘိန်းစိုက်ပျိုးမှုလုံးဝ မရှိတော့ကြောင်း၊ တွေ့ကြုံရသည့် အခက်အခဲ အနေဖြင့် ‘ဝ’ဒေသသည် ဝေးလံခေါင်းပါးပြီး ၉၈ရာခိုင်နှုန်းမှာ တောတောင် ထူထပ်သဖြင့် ဖွံ့ဖြိုးရေးနှင့် အစားထိုး စိုက်ပျိုးရေးဆောင်ရွက်ရာတွင် လွန်စွာခက်ခဲကြောင်း၊ ‘ဝ’ဒေသဖွံ့ဖြိုးရေးအတွက် UNODC ၏စီမံကိန်းမှာလည်း ရန်ပုံငွေအခက်အခဲရှိကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ‘ဝ’တောင်ပိုင်းသို့ ပြောင်းရွှေ့နေရာချထားရေး အစီအစဉ်မှာလည်း ငွေကြေးများစွာ လိုအပ်လျက်ရှိကြောင်း၊ ဘိန်းအစားထိုး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သတ္တုသယံဇာတ ထုတ်လုပ်ရေး လုပ်ငန်းများမှ ထွက်ရှိလာမည့် ကုန်ပစ္စည်းများဈေးကွက်အခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း၊ အခြားအစားထိုးစက်မှုလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သည့် ဓာတုဆေးဝါးအချို့မှာလည်း နှစ်နိုင်ငံဓာတုဆေးဝါး ထိန်းချုပ်ရေးတင်းကျပ်သည့်အစီအမံများကြောင့် ‘ဝ’ဒေသသို့ ပြည်ပမှတင်သွင်းရန် ခက်ခဲလျက်ရှိကြောင်း၊ တောင်ဘက်ဒေသသို့ ပြောင်းရွှေ့သူများအတွက် ဆေးဝါးလိုအပ်ချက်များ တွေ့ရှိလျက်ရှိကြောင်း၊ ထိုသို့အခက်အခဲများ တွေ့ကြုံနေရသော်လည်း ၂၀၀၅ခုနှစ်ဘိန်းပပျောက်ရေးရည်မှန်းချက်ပြောင်းလဲစေမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရ၊ တရုတ်၊ ထိုင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီများရရှိလျှင် မိမိတို့ ရည်မှန်းချက်ကို လွယ်ကူချောမောစွာ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ပန်ဆန်းမှ ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲ ၂နာရီခွဲတွင် မိုင်းမောသို့ ရောက်ရှိကြသည်။ မိုင်းမောတွင် တိုင်းရင်းသားခေါင်းဆောင် ဦးပေါက်ယူလျန်နှင့် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစိန်ဝင်းနှင့်အဖွဲ့က ကြိုဆိုကြပြီး မိုင်းမော လက်ဖက်စိုက်ခင်းသို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုကြသည်။

ပြန်လည်ဖြေကြား

ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် မိုင်းမောမှ ထွက်ခွာခဲ့ရာ ညနေ ၃နာရီခွဲတွင် နမ့်တစ်သို့ ရောက်ရှိကြသည်။ နမ့်တစ်တွင် တိုင်းရင်းသားခေါင်းဆောင် ဦးလူရှင်းကြာနှင့်အဖွဲ့က ကြိုဆိုကြပြီး ရှင်းလင်းဆောင်တွင် ဦးလူရှင်းကြာက ရှင်းလင်းပြောကြားရာ၌ မိမိတို့ ‘ဝ’ဒေသကို ယခုလိုအခြေအနေမျိုးရောက်အောင် ၁၀နှစ်ကျော်ကာလအတွင်း အခက်အခဲအမျိုးမျိုးကြားက ကြိုးစားခဲ့ရကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ပြည်ပအကူအညီများကြောင့် ယခုလိုအခြေအနေမျိုးရောက်အောင် တိုးတက်လာခြင်းဖြစ်ကြောင်း၊ အဓိကဝင်ငွေအနေဖြင့် သတ္တုတူးဖော်ရေးနှင့် ဒေသတွင်းရောင်းဝယ်ရေးလုပ်ငန်းများ၊ အဝင်အထွက်ဂိတ်များမှ အခွန်ကောက်ခံခြင်းနှင့် ကုန်သည်များ၏ ထောက်ပံ့ကူညီမှုများဖြင့် ရပ်တည်ဆောင်ရွက်ခဲ့ကြောင်း၊ နမ့်တစ်ဒေသ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းအတွက် ဘိန်းစိုက်ပျိုးမှုလျှော့ချရေးအစီအစဉ်များကို မနေမနား အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှုကြောင့် နမ့်တစ်မြို့နယ်ရှိ ကျေးရွာပေါင်း ခြောက်အုပ်စု၊ အိမ်ခြေ ၂၈၀၀ အနက် ကျေးရွာအုပ်စုနှစ်အုပ်စု၊ အိမ်ခြေ ၆၀၀ ခန့်သာ ဘိန်းစိုက်ပျိုးလျက်ရှိကြောင်း၊ ထိုကျေးရွာအုပ်စု နှစ်စုမှ တိုင်းရင်းသား

စာမျက်နှာ ၁၄ ကော်လံ ၁

ကြိုဆိုနှုတ်ဆက်

ဇန်နဝါရီ ၂၆ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီးတို့အိန္ဒိယ သမ္မတနိုင်ငံတည်ထောင်သည့် (၅၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Rajiv Kumar Bhatia နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ဇန်နဝါရီ ၂၆ ရက်က နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်နှင့်ဇနီးတို့ ဩစတြေးလျနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး Mr. Paul Grigson နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

စာမျက်နှာ ၁၃ မှ

ပြည်သူများကို တောင်ပေါ်ဒေသမှ မြေပြန့်ဒေသသို့ ပြောင်းရွှေ့ခဲ့ရာတွင် ၎င်းတို့အတွက် အိမ်ရာ တည်ဆောက်ရေးနှင့် ဝမ်းစာဖူလုံရေးမှာ အရေးကြီးဆုံး လိုအပ်ချက်ပင်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် အစားထိုး စိုက်ပျိုးရေးလုပ်ငန်းများ အနေဖြင့် ရော်ဘာပင် ခုနစ်သိန်း ငါးသောင်း၊ လိုက်ချီး တစ်သိန်း၊ တရုတ်ဆီးသီး တစ်သိန်း နှစ်သောင်း၊ လက်ဖက် သုံးသိန်းငါးသောင်း၊ နာနတ် တစ်သိန်းလေးသောင်း၊ ချဉ်စော်ကားသီး တစ်သိန်း ငါးသောင်း၊ သစ်ကြား ငါးထောင်၊ သရက် ငါးသောင်းနှင့်ပန်းပင် ၁၀သိန်းငါးသောင်း စိုက်ပျိုးနိုင်ခဲ့ကြောင်း။

ထို့အပြင် ရော်ဘာ အစေ့ထုတ် စက်ရုံတစ်ရုံ၊ အုတ်ကြွပ်စက်ရုံတစ်ရုံ၊ အုတ်နီစက်တစ်ရုံ၊ သောက်သုံးရေ လုပ်ငန်းစသည့် လုပ်ငန်းများကိုလည်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လမ်းပန်း ဆက်သွယ်ရေးကဏ္ဍတွင် ကျောက်ခင်းလမ်း ၅၃ မိုင်၊ မြေလမ်း ၁၁၅မိုင်၊ ကတ္တရာခြောက်မိုင်၊ တံတားကြီးငယ် ၁၆စင်း၊ လမ်းအရှည် ၂၃၅ မိုင်တို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် လယ်မြေဧက ၄၅၀၀၊ ကုန်းမြေဧက ၅၆၀၀ နှင့် ရေရရှိရေးအတွက် ဆည်မြောင်းအရှည် ၁၆ ဒသမ၅ မိုင်တို့ကို ဖော်ထုတ်နိုင်ခဲ့ကြောင်း၊ လက်ရှိ လယ်ယာစိုက်ခင်းနှင့် လူဦးရေမှာ မမျှတသဖြင့် ဝမ်းစာလုံလောက်မှုမရှိသေးကြောင်း၊ ထပ်မံ၍ လယ်ယာမြေ တိုးချဲ့ဖော်ထုတ်စိုက်ပျိုး နိုင်ရန်နှင့် ရေရရှိရေးအတွက် မြောင်းအရှည် တစ်သိန်းတစ်သောင်းငါးထောင်ပေကို ထပ်မံတူးဖော်ရန် လျာထားကြောင်း၊ ရော်ဘာစက်ရုံတစ်ရုံကိုလည်း တည်ဆောက်ရန် ရည်မှန်းထားကြောင်း၊ နိုင်ငံတကာမှ အကူအညီရလျှင် မိမိတို့ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဓာတုဗေဒ ဆေးဝါးများ တင်းကျပ်စွာထိန်းချုပ်ထားမှုကြောင့် စက်ရုံ၊ အလုပ်ရုံများအတွက် မရှိမဖြစ်လိုအပ်သည့် ဓာတုဆေးဝါး အချို့ ဝယ်ယူရန် အခက်အခဲများ တွေ့ကြုံနေရကြောင်း၊ သို့ဖြစ်၍ မိမိတို့ဒေသမူးယစ်ဆေးဝါး ပပျောက်ရေးဆောင်ရွက်ရာတွင် ဒေသဝမ်းစာဖူလုံရေးအတွက်ဖော်ပြပါ အခက်အခဲများကို ပြေပျောက်စေရန် ငွေကြေး အကူအညီများ လိုအပ်နေကြောင်း စသည်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၏ မေးမြန်းချက် များကို ပြန်လည်ဖြေကြားသည်။

ဝန်ကြီးများ၊သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် တပ်မတော် ရဟတ်ယာဉ်များဖြင့် နမ့်တစ်မြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ ညနေ ၄ နာရီ ၄၅ မိနစ်တွင် လားရှိုးသို့ရောက်ရှိကြသည်။ ည ၇ နာရီတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ကိုယ်စား ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လှမြင့်က ရွှေလီရိပ်သာ၌ ညစာဖြင့်တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွက်ကျားမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာ ကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိသည်။

၁၀၂ နှစ်မြောက် ဈောင်လေးပင် လှည်း(စီ)မယ်တော်ပွဲ

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ (၆) (၇) (၈) ရက်

- တပ်မတော်နှင့်ပြည်သူ ကြည်ဖြူလက်တွဲချီတက်လျက် နိုင်ငံတော်တာဝန် ကျေပွန်စွာ ထမ်းဆောင်နေကြသည်ကို ဖော်ညွှန်းထားသည့် စာအုပ်ဖြစ်ပါသည်–
- တပ်မတော်သည် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ချီတက်ထမ်းဆောင်ရင်း တစ်ဖက်ကလည်း ဒို့တာဝန်အရေးသုံးပါးကို စွမ်းစွမ်းတမံဆောင်ရွက်နေသည်များကို ဖော်ညွှန်းပြဆိုထားသည့် စာအုပ်ဖြစ်ပါသည်–
- မှတ်တမ်းမှတ်ရာအဖြစ် ထာဝရသိမ်းဆည်းထားရန်အတွက် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏အောင်ပွဲများကို (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့နှင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုထုတ်ဝေလိုက်သည့်–

တက္ကသိုလ်တင်ခ၏ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ အောင်ပွဲများ

ရက်ပိုင်းအတွင်းဖြန့်ချိပါမည်

– သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် သတင်းစာကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပါမည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

☎ – ၂၉၄၃၀၆။



မြန်မာဗီဒီယို ရုပ်ရှင်အရှိန်အဟုန်ကောင်း

မောင်ဆွေထွန်း

ယခုအခါတွင် တစ်နှစ်ထက်တစ်နှစ် ပိုမို၍ မြန်မာဗီဒီယိုရုပ်ရှင်ဇာတ်ကား ထုတ်လုပ်ဖြန့်ချိလာသည်ကို တွေ့ရသည်။ မြန်မာဗီဒီယိုဇာတ်ကားများသည် တစ်ပတ်လျှင် ၁၀ကားကျော်မျှ ထုတ်လုပ်ဖြန့်ချိနိုင်ခဲ့သည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရန်ပုံငွေအတွက် ဒါရိုက်တာဝင်းထွန်းထွန်း ရိုက်ကူးပြီး ရာဇာနေဝင်း၊ ပုလဲဝင်းနှင့် ရုပ်ရှင်သရုပ်ဆောင်သင်တန်းသူများ ပါဝင်သရုပ်ဆောင်ထားကြသည့်'အချစ်ဝက်ဘာ'ဗီဒီယိုဇာတ်ကားကို တွေ့ရစဉ်။ (ယင်းဗီဒီယိုဇာတ်ကားကို မကြာမီဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။)

ပြီးခဲ့သည့် ၂၀၀၃ခုနှစ်အတွင်း မြန်မာဗီဒီယိုဇာတ်ကား ၆၀၀ကျော် ရိုက်ကူးဖြန့်ချိနိုင်ခဲ့သည်။ နိုင်ငံတော်၏ တိုးတက်မှုနှင့်အတူ မြန်မာ ဗီဒီယိုရုပ်ရှင်လုပ်ငန်းသည်လည်း တိုးတက်ဖြစ်ထွန်းလာရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဗီဒီယို အခြေခံအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ပြည်နယ်၊ တိုင်း မြို့နယ်များအထိ ဗီဒီယိုဇာတ်ကားများ စနစ်တကျ ဖြန့်ချိပြသနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသည် မြန်မာရုပ်ရှင်ဇာတ်ကားကြီးများ အရှိန်အဟုန်မပျက် တိုးတက်ဖြစ်ထွန်းရေး၊ အမျိုးသားရေးလက္ခဏာနှင့်မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်များ၊ မြန်မာ့ရုပ်ရှင်မူဝါဒများနှင့်အညီ ရိုက်ကူးရေးအတွက် စည်းရုံးဆောင်ရွက်လျက်ရှိသလို ခေတ်အလျောက် တိုးတက်ဖြစ်ထွန်းလာသော ဗီဒီယိုဇာတ်ကားများကိုလည်း မြန်မာအမျိုးသားရေးလက္ခဏာ ယဉ်ကျေးမှု ဓလေ့စရိုက်များနှင့်အညီ ရိုက်ကူးထုတ်လုပ်ကြရန် စဉ်ဆက်မပြတ် နှိုးဆော်ပြီး လိုအပ်လျှင် ထုတ်လုပ်သူ၊ ဒါရိုက်တာ စသူတို့နှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့သည်။

မင်းရာဇာ ဗီဒီယိုထုတ်လုပ်ရေးမှ ဝတ္ထုဇာတ်ညွှန်း ဒါရိုက်တာဒေါနရိုက်ကူးပြီး ပိုင်ဇေရဲထွန်း၊ လှအဥ္ဇလီတင့်၊ ငွမ်းပုံ၊ ဇရာ၊ ထွန်းထွန်းဝင်းတို့ ပါဝင်သရုပ်ဆောင်ထားသည့်'ဟန်ဆောင်ကာမူပို'ဗီဒီယိုဇာတ်ကားမှ။

ယခုအခါ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ၎င်း၏ရန်ပုံငွေရရှိရေးအတွက် မြန်မာဗီဒီယိုဇာတ်ကားများကိုပါ ရိုက်ကူးဖြန့်ချိလျက်ရှိရာ ဇာတ်ကားသုံးကားခန့် ရိုက်ကူးထုတ်လုပ်ပြီးသွားသည်ကို တွေ့ရသည်။

ယခင်က နာမည်ကြီးစုပါရုပ်ရှင်သရုပ်ဆောင်အချို့သည် မြန်မာဗီဒီယိုဇာတ်ကားများတွင် ပါဝင်ရိုက်ကူးခြင်းမပြု ရှောင်ဖယ်နေခဲ့သော်လည်း ယခုအခါ မြန်မာဗီဒီယို ရေစီးကြောင်းအတွင်း ပါဝင်လာကြသည်ကို တွေ့ရသည်။

ထို့ပြင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သရုပ်ဆောင်သင်တန်းဆင်းလူငယ်များသည်လည်း ရုပ်ရှင်နှင့်ဗီဒီယိုလောကသို့ ရောက်ရှိလာကြပြီဖြစ်ရာ မြို့နယ်၊ ကျေးရွာအနှံ့ရောက်ရှိနေသော မြန်မာဗီဒီယိုရုပ်ရှင်သည် ပိုမို၍ အရှိန်အဟုန်ကောင်းလာမည်ဟု ယူဆရပေသည်။ ။

ရွှေသံလွင်ဗီဒီယိုမှ တာရာမင်းဝေ ဇာတ်ညွှန်းကို ကိုမော်မျိုးမင်းရိုက်ကူးသည့် 'ကောင်းကင်အကြွေကောက်တဲ့လက်' ဗီဒီယိုဇာတ်ကားမှ ဒွေး၊ နန္ဒာလှိုင်။

နှမ်းစပါးစီမံကိန်းတာဝန်ပေးအပ်ပွဲနှင့် စိုက်ပျိုးနည်းပညာရှင်းလင်းပွဲကျင်းပ

ဝက်လက် ဇန်နဝါရီ ၁၅

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ကျီးပင်ကန်ကျေးရွာအုပ်စု တံတားဦးကျေးရွာ၌ ဇန်နဝါရီ ၉ရက် မွန်းလွဲ ၂ နာရီတွင် နွေစပါးစီမံကိန်း တာဝန်ပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင်မြို့မစခန်းတာဝန်ခံ ဦးဇော်ဇော်လှိုင်က နွေစပါးစိုက်ပျိုးရမည့် စပါးအမျိုးအစားနှင့် သဘာဝဓာတ်မြေဩဇာ ပြုလုပ်သုံးစွဲရေး နည်းအဆင့်ဆင့် အကျိုးကျေးဇူးများနှင့် LCC ကတ်ခေါ် စပါးအရောင်းတိုင်းကတ်အသုံးပြုရေးကို ပညာပေး ဟောပြောသည်။

တာဝန်ပေးအပ်

ဆက်လက်၍ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြိုင်က နွေစပါးစီမံကိန်း လျာထားချက် ဧက ၃၀၁၅ဧက ပြည့်မီစွာ စိုက်ပျိုးရေးအတွက် တောင်သူတစ်ဦးချင်းသို့ စီမံကိန်းတာဝန်ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ကြီး-ရန်ကုန်နှင့်တောင်ငူခရီးစဉ်တိုက်ရိုက်ပြေးဆွဲ

ကျောက်ကြီး ဇန်နဝါရီ ၁၆

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် နတ်သံကွင်း စစ်တောင်းမြစ်ကူး (ယာယီ) တံတား တည်ဆောက်ပြီးစီးပြီ ဖြစ်၍ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၅ရက်မှ စတင်ဖွင့်လှစ်ရာ အဝေးပြေး အမြန်ယာဉ်ကြီးများသည် ကျောက်ကြီး-ရန်ကုန်နှင့် တောင်ငူ ခရီးစဉ်များ နေ့စဉ်တိုက်ရိုက် ပြေးဆွဲလျက်ရှိသည်။

အဝေးပြေး အမြန်ယာဉ်ကြီးများ နေ့စဉ်တိုက်ရိုက်ပြေးဆွဲနိုင်ပြီဖြစ်သဖြင့် နေ့စဉ်ထုတ်သတင်းစာများကို နေ့ချင်း ဖြန့်ဝေပေးနိုင်ပြီဟုသိရသည်။ **(၂၁၁)**

နယ်လှည့်စာကြည့်တိုက်များဖွင့်

ညောင်ဦး ဇန်နဝါရီ ၁၀

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် ပညာပေးဗီဒီယိုပြသပွဲအခမ်းအနားကို ညောင်ဦးမြို့နယ် ရွှေတွင်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ဒီဇင်ဘာ ၂၇ ရက်ကကျင်းပသည်။

အလားတူ ကုန်းတန်းကြီး၊ဖျောက်ဆိပ်ပင်၊ မင်းနန်းသူ၊ ဖွားစောအရှေ့၊ ဖွားစောအနောက်၊ သူဌေးတန်း၊ ကန်ပေါက်အရှေ့၊ ကန်ပေါက်အနောက်၊ နတ်ကြီုအိုင်၊ မိုးနတ်ကုန်းကျေးရွာများတွင် ကျင်းပကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဇန်နဝါရီ ၈ ရက်က ပဲခူးတိုင်း မင်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲကို ထန်းပင်ကုန်း ကျေးရွာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူ၊ မြို့နယ်ဦးစီးမှူး ဦးဝင်းတင်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

နွေရာသီအင်္ဂလိပ်စာသင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကင်းမြို့နယ် သုခဝတီရိပ်သာ ကန်ဘဲ့လမ်း အမှတ် (3-D) ရှိ Sooniram Park Language Centre တွင် မူကြိုနှင့် အသက်(၅)နှစ်မှ အခြေခံပညာ အထက်တန်းအဆင့်အထိ Level များခွဲ၍ နွေရာသီအင်္ဂလိပ်စာသင်တန်းများကို မတ် ၈ ရက် မှ မေ ၃၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် အင်္ဂလိပ်စာဂုဏ်ထူးဘွဲ့ရ ဆရာ၊ ဆရာမများက English Four Skills and Grammar တို့ကို နားလည်တတ်ကျွမ်းစေရန်နှင့် အင်္ဂလိပ်စာကို စနစ်တကျ ရေးတတ်၊ ပြောတတ်စေရန် Computer CD Rom များဖြင့် စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ အတန်းတစ်တန်းလျှင် သင်တန်းသားဦးရေ ၂၀ ကန့်သတ်ထားသည်။

သင်တန်းသားများ အားလုံးအတွက် ဖေဖော်ဝါရီ လဝက်အထိ အထူးနှုန်းဖြင့်လျှော့ပေးမည်ဖြစ်ရာ ဖုန်း-၅၇၈၁၆၇ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဇန်နဝါရီ ၃ ရက်က (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော တံခွန်တိုင်-ခဲမွန်-ဗူးခါးကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ခဲမွန်ရွာလမ်းသစ်မုခ်ဦးတွင် ကျင်းပရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

မြင်းမူမြို့နယ်လုံးကျွတ် ဝါစိုက်ခင်းများပိုးမွှားနှိမ်နင်း

မြင်းမူ ဇန်နဝါရီ ၁၀

မြင်းမူမြို့နယ် မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်းက မြို့နယ်လုံးကျွတ် ဝါစိုက်ခင်းများပိုးမွှားကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများအား ဇန်နဝါရီ ၁ ရက်က ပြုလုပ်ရာ ခရိုင်မန်နေဂျာ ဒေါ်မြင့်မြင့်ဦး၊ မြို့နယ်မန်နေဂျာ ဒေါ်မြတ်မိုးဝင်းနှင့် ကွင်းတာဝန်ခံများ၊ ကျေးရွာဥက္ကဋ္ဌများ၊ တောင်သူများ ပူးပေါင်း၍ ကျေးရွာအုပ်စု ၂၁ အုပ်စုရှိ ဝါမျိုးသန့်ဇုန် ဧက ၈၀၀ တို့ကို ပိုးမွှားကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(၁၆၇)**

ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းဆောင်ရွက်မှုများ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ဇန်နဝါရီ၂၄ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ပြည်သူများ စုပေါင်း၍ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် အမှိုက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

မှာကြားဖြည့်ဆည်းပေး

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် နံနက် ၈နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၃)ရပ်ကွက် အနော်မာလမ်းသို့ ရောက်ရှိပြီး အနော်မာလမ်းဘေး ဝဲယာ၌ ရေနုတ်မြောင်းဆယ်ယူနေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မိုးရာသီကာလတွင် အမှတ်(၁၃) ရပ်ကွက်အတွင်း ရေနစ်မြုပ်မှုမရှိစေရန် ရေနုတ်မြောင်းများ ပြုပြင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်းသို့ရောက်ရှိပြီး ပုလဲရတနာလမ်းဘေးဝဲယာ၌ အမှိုက်နှင့်ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ရေနုတ်မြောင်းဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အားကစား

ကွင်းအတွင်း အမှိုက်နှင့်ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

သာကေတမြို့နယ်

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် သာကေတမြို့နယ် ရှုခင်းသာလမ်းနှင့် ဇင်္ဂမလမ်း လမ်းဆုံသို့ရောက်ရှိလာပြီး အမှတ်(၅) မြစ်ထွက်ပေါက်ရေမြောင်းမကြီး ရေစီးရေလာကောင်းမွန်စေရေး အမှိုက်နှင့်နုန်းများဆယ်ယူနေမှု အခြေအနေများကိုလည်းကောင်း၊**(အပေါ်ပုံ)** ရှုခင်းသာလမ်းနှင့် ဇင်္ဂမလမ်းဘေးဝဲယာ၌ အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သာကေတမြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရေးလုပ်ငန်းများနှင့် ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ တိုင်းမှူးက လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးသည်။

ပုဇွန်တောင်မြို့နယ်

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ပုဇွန်တောင်မြို့နယ် မြောင်းကြီးလမ်းသို့ ရောက်ရှိပြီး မြောင်းကြီးလမ်းသန့်ရှင်းသပ်ရပ်စေရေး အမှိုက်ရှင်းခြင်းလုပ်ငန်း အခြေအနေများကို လည်းကောင်း၊ရေကျော် မြောင်းမကြီး ရေစီးရေလာကောင်းမွန်စေရေး အမှိုက်နှင့် နုန်းဆယ်ယူနေမှု အခြေအနေများကို လည်းကောင်း ၊ အမှတ်(၈)နှင့် အမှတ်(၉)ရပ်ကွက်များအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သန့်ရှင်းသာယာလှပစေရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ရေကျော်မြောင်းမကြီးမှရေများ အေးတံတား မြစ်ထွက်ပေါက်မှတစ်ဆင့် ပုဇွန်တောင်ချောင်းအတွင်း စီးဝင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဗိုလ်တထောင်မြို့နယ်

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းမကြီးနှင့် သိမ်ဖြူလမ်းဆုံသို့ရောက်ရှိပြီး သိမ်ဖြူလမ်းမှ ဘုန်းကြီးလမ်းအထိ ကမ်းနားလမ်းမကြီးတစ်လျှောက် အမှိုက်များ ရှင်းလင်းခြင်း၊ မြက်ခင်းများ ပြုပြင်နေခြင်း၊ စိုက်ပျိုးထားသည့်သစ်ပင်များ ရှင်သန်စေရေး ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

စနစ်တကျဆောင်ရွက်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ် အတွင်း ထာဝစဉ်သန့်ရှင်းသာယာလှပစေရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့်ပူးပေါင်းပြီး ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြရေး၊ အမှိုက်များကို လေထုညစ်ညမ်းမှုမရှိစေရန် မီးရှို့ခြင်းမပြုလုပ်ဘဲ ကျင်းတူး၍ မြှုပ်ပစ်ခြင်း၊ အမှိုက်ကားဖြင့်တင်၍ စွန့်ပစ်ခြင်းများ ဆောင်ရွက်ကြရန်နှင့် ကမ်းနားလမ်းမကြီးဘေးဝဲယာ၌ ထာဝစဉ်အမြင်တင့်တယ်စေရန် စိုက်ပျိုးထားသည့် မြက်ခင်းများနှင့် သစ်ပင်များရှင်သန်စေရေး နွေရာသီကာလအတွင်း ရေလောင်းခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘိုးဘွားရိပ်သာဆောက်လုပ်ရန် ရတနာအုတ်မြစ်စီအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် ဇန်နဝါရီ ၂၃ရက်က ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဥက္ကံမြို့ မင်းရဲကျော်စွာရပ်ကွက်တွင် အသစ်တည်ဆောက်မည့် "ဦးမောင်ရုံး-ဒေါ်ရင် ဘိုးဘွားရိပ်သာ"တည်ဆောက်ခြင်းအတွက်ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားတက်ရောက်၍ ရတနာငွေကြုတ်အား ထည့်သွင်းပေးသည်။

ရှေးဦးစွာ ဦးမောင်ရုံး-ဒေါ်ရင် ဘိုးဘွားရိပ်သာ အဆောက်အအုံတည်ဆောက်ခြင်းအတွက် ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားကို စတင်ကျင်းပရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ရတနာငွေကြုတ်ကိုလည်းကောင်း၊ တိုက်ကြီးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစောသိန်းက ရတနာပတ္တမြားအုတ်ကိုလည်းကောင်း၊ အလှူရှင်ဦးသန်းဦး(SUN FAR Co, Ltd)က ရတနာကျောက်စိမ်းအုတ်ကို လည်းကောင်း၊ အလှူရှင်၏မိခင် ဒေါ်ရန်တီက ရတနာရွှေအုတ်ကိုလည်းကောင်း၊ ဘိုးဘွားရိပ်သာဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းပိုက ရတနာငွေအုတ်ကိုလည်းကောင်း သတ်မှတ်နေရာအသီးသီးတွင် ထည့်သွင်းပေးကြောင်းသိရသည်။ အဆိုပါဘိုးဘွားရိပ်သာသို့ အလှူရှင် ဦးသန်းဦး(SUN FAR Co, Ltd)က ငွေပဒေသာပင်အတွက် ကျပ် သိန်း၅၀ အပါအဝင် အဆောက်အအုံ၊ ပစ္စည်း များနှင့်မြေတန်ဖိုး စုစုပေါင်း ကျပ် ၄၈၄ သိန်းကုန်ကျခံ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၃ရက်က အမက(၁၈)တာမွေ ၂၀၀၃-၂၀၀၄ ကျောင်းသားမိဘဆရာ စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးကြိုင်က မြို့နယ်အဆင့် ဘာသာရပ်ထူးချွန်ဆုရ စတုတ္ထတန်းမှ မောင်သက်ခိုင်ထွန်းအား ဆုချီးမြှင့်စဉ်။
(က-ပ)

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ဂုဏ်ပြု ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းရပ်ကွက်၌ စက်ရေတွင်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (ကျန်းမာရေးလုပ်ငန်းအဖွဲ့)က သတ္တမအကြိမ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်း စက်ဆန်းရပ်ကွက်၌ စက်ရေတွင်းဖွင့်လှစ်ခြင်းနှင့် အိမ်သာခွက်များ လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၈ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ကျန်းမာရေးလုပ်ငန်းအဖွဲ့) အကြံပေးပုဂ္ဂိုလ် ဒေါက်တာဒေါ်တင်လင်းမြင့်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ကျန်းမာရေးလုပ်ငန်းအဖွဲ့) အကြံပေးပုဂ္ဂိုလ် ဒေါ်နီလာသော်တို့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ကျန်းမာရေးအဖွဲ့)က လှူဒါန်းသော စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ကျန်းမာရေးလုပ်ငန်းအဖွဲ့)က လှူဒါန်းသော အများသုံး ရေလောင်းအိမ်သာခွက်များကို အကြံပေးပုဂ္ဂိုလ် ဒေါ်တင်တင်မြက ပေးအပ်လှူဒါန်းရာ စက်ဆန်းရပ်ကွက် အိမ်ထောင်စုများကိုယ်စား စက်ဆန်းရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြသန်းက လက်ခံသည်။

ဖွင့်လှစ်ပေး

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာမိုးမိုးခိုင်က စက်ရေတွင်းရေပိုက်ခေါင်းကို ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ကျန်းမာရေးလုပ်ငန်းအဖွဲ့) အကြံပေးပုဂ္ဂိုလ် ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၊ တာဝန်ရှိသူများသည် ဖွင့်လှစ်ပြီးသည့် စက်ရေတွင်းနှင့် ကျေးလက်ကျန်းမာရေးဌာနတို့ကို လှည့်လည် ကြည့်ရှုကြသည်။ ယခုဖွင့်လှစ်သည့် စက်ရေတွင်း၏တန်ဖိုးမှာ ငွေကျပ်သုံးသိန်းကျော်ဖြစ်သည်။

ဟောပြော

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ကျန်းမာရေးအဖွဲ့)က ကြီးမှူးကျင်းပသည့် ကျန်းမာရေးပညာပေးဟောပြောပွဲကို စက်ဆန်းရပ်ကွက် အမှတ်(၇)မူလတန်းလွန်ကျောင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့ဝင် သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဌာနမှူး ဒေါက်တာဒေါ်သန်းသန်းတင်က သားပျက်သားလျှောရောဂါ ကာကွယ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့ဝင် ဒေါက်တာဒေါ်နုအေးခင်က HIV/AIDS ရောဂါအကြောင်း နှင့် ကာကွယ်ခြင်းဆိုင်ရာအကြောင်း သိကောင်းစရာများနှင့်စပ်လျဉ်း၍ လည်းကောင်း ဟောပြောကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၁၇ရက်က တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးခန်းမ၌ ကျင်းပသည့် ၁၃၆၅ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဆုနှင်းသဘင်ပွဲအတွက် ငွေလှူဒါန်းပွဲ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသန့်ဇင်က အလှူရှင်သတင်းထောက် ဦးကျော်လှ (သမာဓိ)အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (၁၀၃)

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြု နောင်ချိုမြို့ ချယ်ရီလမ်းဖွင့်ပွဲကျင်းပ

နောင်ချို ဇန်နဝါရီ ၁၅

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃- ၂၀၀၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးသော တောင်ရပ်ကွက်ရှိ ချယ်ရီလမ်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က အဆိုပါလမ်း၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်နုက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် နောင်ချိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ အရှည်ပေ ၉၀၀ ရှိပြီး မူလမြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ငွေကျပ် ခုနစ်သိန်းကုန်ကျကြောင်း သိရသည်။ (၂၄၇)

ဇန်နဝါရီ ၁၇ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန် ကြား ရေး မှူး ဦး ညို ဝင်း မြင့် မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့်အတူ ဝေသာလီ လမ်း ကျောက်ချောခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

ကျေးရွာပြည်သူများအားတိုင်းရင်းဆေးဖြင့်အခမဲ့ကုသပေး

ပြင်ဦးလွင် ဇန်နဝါရီ ၅

ပြင်ဦးလွင်မြို့နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၃၀ ရက်က ပြင်ဦးလွင်အနီး ဒုဋ္ဌဝတီမြစ်ရိုးလေးရွာရှိ ပြည်သူများအား တိုင်းရင်းဆေးဖြင့်အခမဲ့ ဆေးကုသပေးသည်။

အခမ်းအနားတွင် မြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင် မြို့နယ်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ခင်မာကြည်က အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်(၈)ရပ်ကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါ်ခင်ခင်သန်းက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းစဉ်များနှင့် မျိုးဆက်ပွားကျန်းမာရေး ပညာပေးဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာန ဦးစီးဌာနမှူး ဦးစောယုသန်းနှင့်အဖွဲ့က တိုင်းရင်းဆေးအသိပညာပေးဟောပြောပြီး ကျေးရွာပြည်သူများအား တိုင်းရင်းဆေးဖြင့်အခမဲ့ကုသပေးကြသည်။ (၂၈၀)

မျက်စိဝေဒနာရှင်များ အခမဲ့စမ်းသပ်ပေး

ရေစကြို ဇန်နဝါရီ ၂၀

ပခုက္ကူဇုန် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းမှ ခရိုင်မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးကြည်လွင်ဦး ခေါင်းဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၇ ရက်က မအူတိုက်နယ်ဆေးရုံကြီးတွင် ကျေးလက်ပြည်သူများ၏ မျက်စိဝေဒနာရှင်လူနာများအား အခမဲ့ စမ်းသပ်ပေးပြီး လိုအပ်သောခွဲစိတ်ကုသမှုခံယူနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ရာ ဝေဒနာရှင်ပေါင်း ၁၅၀ ကျော် ကုသမှုခံယူခဲ့ကြသည်။

အဆိုပါအဖွဲ့အား ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုသိန်း၊ တိုက်နယ်ဆရာဝန် ဒေါက်တာ စိုးနိုင်နှင့် မြို့နယ်ကြက်ခြေနီအသင်း အတွင်းရေးမှူး ဦးကျော်စိန်(လူမှုထူးချွန်)တို့က လိုအပ်သည့် အကူအညီများပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လွယ်ဂျယ် အထက ကျောင်းလမ်း ကျောက်ချောလမ်းဖွင့်ပွဲကျင်းပ

လွယ်ဂျယ် ဇန်နဝါရီ ၁၅

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လွယ်ဂျယ်မြို့ စည်ပင်သာယာရေးအဖွဲ့က အထကကျောင်းလမ်း မြို့ပြကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားသို့ ဗန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခရိုင်တာဝန်ခံ ဦးကျော်သူ(လက်ထောက်ညွှန်ကြားရေးမှူး)၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လွယ်ဂျယ်မြို့ပြည်သူများ တက်ရောက်ကြသည်။ အခမ်းအနားအစီအစဉ်အရ ခရိုင်တာဝန်ခံဦးကျော်သူနှင့် အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်တို့က အဖွင့်အမှာစကား ပြောကြားကြပြီး လွယ်ဂျယ်မြို့ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ကျောက်ချောလမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအထိမ်းအမှတ် အလံများကို ပေးအပ်သည်။

ဖောက်လုပ်ခဲ့

အထကကျောင်းမြို့ပြကျောက်ချောလမ်းမှာ အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေရှိပြီး စုစုပေါင်းကုန်ကျငွေကျပ် ၁၃ သိန်းဖြင့် ဖောက်လုပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၄ ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးက ပွဲတော်ကျင်းပရေးအတွက် ပံ့ပိုးကူညီပေးသောအလှူရှင်ဦးမြင့်ဆွေး-ဒေါ်နန်းဝိုးစံ(ရတနာဖြိုးကုမ္ပဏီ)အား ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၄၂၀)

ကလောတွင် စာပေဟောပြော

ကလော ဇန်နဝါရီ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့ အထက(၁)၌ ဒီဇင်ဘာ၂၄ရက်မွန်းတည့် ၁၂နာရီက စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁) မြို့နယ်ရဲမှူးကြီးမြင့်အေးက အမှာစကား ပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေက စာဆိုတော်နေ့သဝဏ်လွှာကိုဖတ်ကြားခြင်း၊စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲတွင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးဆုရသူများအား ဆုများချီးမြှင့်ခြင်းနှင့် စာရေးဆရာမကြီး၊ ဆရာကြီးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

အဆိုပါအခမ်းအနားတွင် ခင်ဆွေဦး၊ ဆရာမသန်းမြင့်အောင်၊ ဆရာကိုတာနှင့် ဆရာမောင်သာချိုတို့ကဟောပြောခဲ့ကြသည်။ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်ပြခန်း၊ ဓာတ်ပုံပြခန်းနှင့် နံရံကပ်စာစောင်ပြခန်းတို့ကို ခင်းကျင်းပြထားသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဒီဇင်ဘာ ၁၂ ရက်က ပုသိမ်ကြီးမြို့နယ် ပုဂံတပ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲတွင် မန္တလေးခရိုင်ဦးစီးအရာရှိ ဦးမျိုးမြင့် ရှင်းလင်းပြောကြားစဉ်။

(ခရိုင် ပြန်/ဆက်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဒီဇင်ဘာ၂၃ရက်က တန့်ဆည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးညိုဝင်းနှင့် ဝန်ထမ်းများသည် နယ်လှည့် စာကြည့်တိုက် ဖွင့်ပွဲကို ကံပေါက်ကျေးရွာတွင်ကျင်းပရာ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးရွှေဝင်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(က-ပ)

ဇန်နဝါရီ ၁၂ ရက်က ကြို့ပင်ကောက်မြို့နယ် သာစည်ကျေးရွာ ရေရရှိရေးအတွက် တွင်းတိမ်တူးဖော်ပြီးစီးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးဝင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၀၄၀)

မြဝတီထပ်ဆင့်လွှင့်စက် တပ်ဆင်ရေးစည်းဝေး

ဟိုပင် ဇန်နဝါရီ ၁၅

ကချင်ပြည်နယ် ဟိုပင်မြို့တွင် မြဝတီထပ်ဆင့်လွှင့်စက် ထုတ်လွှင့်တပ်ဆင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၁ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ကျင်းပရာ ဦးသာမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး စခန်းမှူးရဲအုပ်တင်ညွန့်နှင့် ဌာနဆိုင်ရာအကြီးအကဲများက လိုအပ်သည့်အကြံဉာဏ်များပေးကြသည်။ အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

မြဝတီထပ်ဆင့်လွှင့်စက် တပ်ဆင်ပြီးစီးပါက မြဝတီရုပ်မြင်သံကြားမှ ထုတ်လွှင့်မည့်အစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

DREAM

အဆင့်မြင့်ခန်းဆီးနှင့်လိုက်ကာ
၅၀ ရာခိုင်နှုန်း Discount
၁၀၀ ရာခိုင်နှုန်း ငွေပေးချေစနစ်
အမှတ်(၆၆) ရွှေတိဂုံဘုရားလမ်း
ဆောက်လုပ်ရေးမှတ်တိုင်ရှေ့
ဖုန်း-၇၀၇၂၇၂

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက်နေ
ဦးထွန်းအေး- ဒေါ်ခင်မြင့်ဆွေ အထပြ(ငြိမ်း)တို့၏ သားကြီး
မောင်အောင်သီဟ B.E (Civil) MIT
အငယ်တန်းအင်ဂျင်နီယာ (၂) မြို့ပြ
မြစ်သားတံတားတည်ဆောက်ရေးစီမံကိန်း (ကလေးဝ) နှင့်
စစ်ကိုင်းတိုင်း ချောင်းဦးမြို့ နေရှင်နယ်ရပ်ကွက်နေ
ဦးဝင်းမောင်(သမဦးစီး) - ဒေါ်တင်မြင့် (ကျန်းမာရေးဆရာမ၊ ငြိမ်း)
တို့၏သမီး
မခင်မြတ်သူဝင်း B.E (Civil) MIT
အငယ်တန်းအင်ဂျင်နီယာ (၂)မြို့ပြ
မြစ်သားတံတားတည်ဆောက်ရေးစီမံကိန်း (ကလေးဝ)

တို့သည် ၂၂-၁-၂၀၀၄ရက်တွင် နှစ်ဖက်သောမိဘ၊ ဆွေမျိုးများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်သီဟ-မခင်မြတ်သူဝင်း။

အမည်ပြောင်း ဦးသိန်းဝင်း၏သား မရမ်းကုန်း အမက(၁၇) တတိယတန်း (ဂ) မှ မောင်ဦးသိန်းကျော် (ခ) မောင်ခိုင်ထူးလင်းအား ယနေ့မှစ၍ မောင်စိုးရဲထက်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်စိုးရဲထက်။**

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့(၅)လမ်းမြောက်၊ အမှတ် ၇၂ နေ
ဦးသန်းဌေး(တွဲဖက်ပါမောက္ခ ငြိမ်း၊ တိမ္ဗွေးကုတက္ကသိုလ် Finance Secretary-FREDA)
ဒေါ်မြသွင်(ကျောင်းအုပ်ဆရာမကြီး၊ အ-မ-က ၁၄၊ မရမ်းကုန်း) တို့၏သားကြီး
မောင်မောင်သန့် B.E (Electronics)
IT Manager., M.Y Associates Co., Ltd. နှင့်
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်အောင်လမ်းသွယ်(၃)၊ တိုက်အမှတ်၃၁၄၊ အခန်း(၃)နေ
ဦးသန့်စင်(ပြည်သူ့တရားသူကြီးအဖွဲ့ဝင်၊ ဗဟိုတရားသူကြီး၊ ငြိမ်း)-ဒေါ်ဝင်းရီတို့၏သမီးလတ်
ဆွေဆွေသန့် B.A (English) 2nd Semester, Diploma in ELT, Y.U.

တို့၏ ၂၂-၁-၂၀၀၄ ရက်တွင် ပြုလုပ်သည့် မင်္ဂလာလက်မှတ်ရေးထိုးပွဲ၌ လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့်ဇနီးဒေါ်ခင်ဝင်းအားလည်းကောင်း၊ ၂၄-၁-၂၀၀၄ ရက်တွင် IBC ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာပန်းကုံးချီးမြှင့်ပေးသော M.Y Group of Companies မှ ဦးရဲထွင့် (CEO) နှင့် ဇနီးဒေါ်ဥမ္မာမြင့် (MD)၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော ဒေါက်တာသီတာနွယ်၊ သတို့သားအရန်မောင်ညီညီသန့်၊ သတို့သမီးအရန် မခင်ဇေယျာမြင့်၊ သတို့သမီးဝတ်စုံနှင့်မိတ်ကပ်ခင်စန်းဝင်းအဖွဲ့၊ ဓာတ်ပုံစိုင်းဘုန်းထူးအဖွဲ့၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ဝိုင်းဝန်းကူညီပေးကြသူများအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မောင်သန့်-မဆွေဆွေသန့်။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)
(သမီးတော် အလှပြင်ခန်းမ)

၁။ အလှဖန်တီးရှင် – ၂ ဦး
၂။ မိတ်ကပ်၊ ဆံထုံး ကျွမ်းကျင်သူ – မ ၁ ဦး
၃။ ဆံပင်ညှပ်၊ကောက်၊ဖြောင့်ကျွမ်းကျင်သူ – မ ၂ ဦး
၄။ လျှော်၊ သစ် ကျွမ်းကျင်သူ – မ ၃ ဦး

စိတ်ဝင်စားသူများသည် မိမိတို့၏ CV နှင့်အတူ ပတ်စပို့အရွယ်ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူတို့ကိုယူဆောင်၍ အမှတ်(၄၃၀) သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ **သမီးတော် အလှပြင်ခန်းမ**သို့ ကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း လာရောက်လျှောက်ထားနိုင်သည်။ **ဖုန်း–၂၈၂၅၀၀**

မှတ်ချက်။ ။ အလုပ်သင်များလည်းလျှောက်ထားနိုင်သည်။

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည်ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေ နှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်းသိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း – ၁၉၉
(၂) ကြို့မဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး – ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ – ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

တိုက်ခန်းကျယ် ရှယ်ရောင်း

ဒဂုံမြို့နယ်၊ ယောက်လမ်း၊ ပထပ် (၂၅ ပေ x ၅၅ ပေ)၊ ပါကေး၊ ကြွေကပ်ခင်း၊ 4 BR + 4 A/C + 1MBR/A Ph ပါ။

၇၀၆၆၇၇၊ ၂၄၉၁၁၈၊ ၀၉–၉၉–၂၆၁၃၁။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မောင်အောင်ဝေဠု ၁၂/ပဇတ(နိုင်)၀၃၁၉၇၁ သည် မိခင်၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် စိတ်ဆင်းရဲအောင်ပြုမူ၍ မိမိဆန္ဒအရ နေအိမ်မှ ဆင်းသွားပါသဖြင့် အမွေစား အမွေခံ သားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ကျွန်မနှင့် လုံးဝမသက်ဆိုင်ပါသဖြင့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ **(မိခင်)ဒေါ်မိမိသွင် ၁၂/ဒဂန(နိုင်)၀၁၅၆၀၉။**

ဦးစိန်တင် (မိတ္ထီလာ)
အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ (ဦးပါကြီး)–ဒေါ်လှကျင်တို့၏သား၊ မခင်မိုးသီ–ကိုသိန်းဝင်း၊ မခင်မိုးလှိုင်–ကိုအောင်မင်းဦး၊ ဗိုလ်ကြီးအောင်ကျော်မိုး–မအေးမာထွန်းတို့၏ဖခင်၊ ဒေါ်နွဲ့နွဲ့ဝင်း (မြို့တော်စည်ပင်) – (ဦးဌေးလွင်)၊ ဒေါ်သန်းသန်းဝင်း (အထက–၂၊ သဃ်န်းကျွန်း)၊ ဒေါ်အေးအေးဝင်း–ဦးဇော်ဝင်း၊ ဦးစိန်သွင် (ကြေးမုံသတင်းစာ)–ဒေါ်လှလှမော်၊ ဒေါ်ချိုချိုဝင်း(စက်မှု–၁)တို့၏ အစ်ကိုကြီး၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၂၆–၁–၂၀၀၄ရက် (တနင်္လာနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၁–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးစိန်ထွန်းကြည်
(ဒုအကောက်ခွန်မှူး)
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်မွန်အိမ်ရာ၊ တိုက် ၃၊ အခန်း ၃၀၄ နေ (ဦးထွန်းလှိုင်–ဒေါ်သန်းကြည်)နတ်စင်ကုန်း၊ ကော့မှူးတို့၏သားကြီး၊ (ဦးလှမောင်)–ဒေါ်ခင်တင်(ပဲခူး)၊ ၁၅၅ လမ်း၊ တာမွေတို့၏သားသမက်၊ ဒေါ်ဝင်းဝင်းကြည်၏ခင်ပွန်း၊ ဦးထွန်းကျော်–ဒေါ်စောရီ၊ ဦးဌမ်းရှိန်(သစ်လုပ်ငန်း၊မန်နေဂျာ)–ဒေါ်ခင်စန်းရီတို့၏ အစ်ကိုကြီး၊ ဦးစိုးဝင်း–ဒေါ်အေး၊(ဦးဘိုးဟန်–ဒေါ်မြင့်မြင့်အေး)၊ ဒေါ်ခင်စန်းရီ(ဓာတ်သတ္တု၊ ငြိမ်း)၊ ဦးသိန်းမြင့်(စာရင်းစစ်မှူး၊ငြိမ်း)–ဒေါ်ရီရီမြင့်(စာရင်းစစ်မှူး၊ငြိမ်း)၊ဒေါ်သန်းသန်းရီ၊ ဦးစိုးမြင့်–ဒေါ်တိုးတိုးရီ (မွန်မျက်မှန်)၊ ဦးသိန်းနိုင် (ပညာရေးမှူး၊ ကော့မှူး)–ဒေါ်နှင်းနှင်းသော် (မူလတန်းကျောင်းအုပ်၊ ကော့မှူး)၊ (ဦးတင်ထွန်း–ဒေါ်နှင်းနှင်းမော်)တို့၏အစ်ကို၊ မောင်ဟန်ဇာထွန်း(BCT Co.,Ltd.)–မစိုးစိုးဖြူ(ပြည်တွင်းအခွန်ဦးစီး)၊ ဒေါက်တာနန္ဒာထွန်း–ဒေါ်ကေသီခင်(သြသဓဆေးဆိုင်)တို့၏ဖခင်၊ မချိုသဥ္ဇာ၏အဘိုးသည် ၂၅–၁–၂၀၀၄ရက်(တနင်္ဂနွေနေ့) တွင် စံပြဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၇–၁–၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

အရာခံဗိုလ်ညွန့်ဟန်
အသက်(၅၈)နှစ်

တောင်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၊ ၁၂ လမ်း၊ အမှတ် ၃၁၃ နေ (ဦးစိန်ကတုံး–ဒေါ်ပုစိန်)တို့၏ သား၊ ဦးအေးမြင့်၏ညီ၊ ဒေါ်သန်းသန်း၏ ခင်ပွန်း၊ မန္တယ်နွယ်အေး(Y.C.D.C) ဈေးများဌာန၊ မကေသီအေး(အမျိုးသားစာကြည့်တိုက်)၊ မောင်အောင်ကိုလွင်တို့၏ဖခင်သည် ၁၅–၁–၂၀၀၄ရက် နံနက် ၈ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့်၂၇–၁–၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁၂:၃၀နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသက်ဇော်မြင့်(ခ)တူးတူး
CDC-22388
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ဈေးလမ်း၊ အိမ်အမှတ် ၇၃၊ ခြောက်လွှာနေ ဦးဆွေမြင့်–ဒေါ်အုန်းမြင့်တို့၏သား၊ ဦးမြသိန်း–ဒေါ်ရေးတို့၏ သားသမက်၊ ဒေါ်မြင့်မြင့်မော်၏ခင်ပွန်း၊ (ဦးသန့်ဇော်မြင့်) – ဒေါ်တင်တင်လှိုင်၊ ဦးမြတ်ဇော်မြင့်–ဒေါ်မြစန်းခိုင်တို့၏ညီ၊ မောင်ဖြိုးဝေသန့်၏ဦးလေး၊ မသက်ဝတ်ရည်ဦး၏ဖခင်သည် ၂၆–၁–၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၁–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁:၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မညိုမာတင်
အသက်(၃၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၂၉၊ ၈၈ လမ်း၊ ကန်/နောက်ရပ်ကွက်နေ ဦးစံတင်–ဒေါ်မြင့်မြင့်သန်းတို့၏သမီး၊ (ဦးအောင်သိန်း)–ဒေါ်ဒေါ်ကြင်တို့၏ချွေးမ၊ (ကိုတင့်နိုင်)၏ဇနီး၊ မောင်ရဲထွဋ်နိုင်၊ မအေးအေးအောင်တို့၏မိခင်သည် ၂၅–၁–၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးစောအောင် (ဟသ်ာတ) ဒေါင့်ကြီး
ပညာရေးတက္ကသိုလ်မော်ကွန်းထိန်း(ငြိမ်း)
လားရှိုးဒေသကောလိပ်ကျောင်းအုပ်ကြီး(ငြိမ်း)
ပုသိမ်ဒီဂရီကောလိပ်မော်ကွန်းထိန်း(ငြိမ်း)
အသက်(၇၂)နှစ်

ဟသ်ာတမြို့နေ (ဦးပန်းမှု–ဒေါ်ရွှေသစ်)တို့၏သား၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ တိုက် ၂၆/၄၊ အခန်း ၂၀၄ နေ (ဒေါ်တင်တင်ရီ)၏ခင်ပွန်း၊ ဦးအောင်ငြိမ်း–ဒေါ်ညွန့်ရီ(ကျောက်တန်း)၊ ဦးသန်းဝင်း–ဒေါ်အုံးမြင့်(ဟသ်ာတ)၊ ဦးကျော်ဝင်း–ဒေါ်မြတ်လေးတင်(စက်မှု–၁)တို့၏အစ်ကိုကြီး၊ ဒေါ်သက်သက်မာ (တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ မန္တလေးအဝေးသင်တက္ကသိုလ်)၊ ဒေါ်နီလာအောင်(အလက–၅၊ ရန်ကင်း)၊ ဗိုလ်မှူးကျော်သန့်ဇင်–ဒေါ်ကြည်ကြည်ခ(ပညာရေးသုတေသနအဖွဲ့)၊ ဦးမင်းမင်း–ဒေါ်နွဲ့နွဲ့အောင်(မြစ်ကြီးနား ဆက်သွယ်ရေး)၊ ဒေါ်ခိုင်ခိုင်အောင် (ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)၊ ဒေါ်ဥမ္မာအောင်(ဘားအံတက္ကသိုလ်)တို့၏ဖခင်၊ မောင်သန့်ဇော်ဝင့် (VIII-H)၊ မောင်မင်းခန့်ကျော် (III-B၊ TTC)၊ မောင်မင်းမောင်မောင်တို့၏အဘိုးသည် ၂၅–၁–၂၀၀၄ရက် ည ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးအထူးကုကြပ်မတ်ဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၈–၁–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြမြစိမ်း(Auto CAD Operator, Fukken Co., Ltd.)၏ဖခင် ဦးစိုးသောင်း အသက်(၆၆)နှစ်သည် ၂၅–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Fukken Co., Ltd.

ရဟန်းအမကြီး
ဒေါ်မေပု
(ရွှေကြေးစည်)
၂၆၉၊ ဘီရုံ၊ သိမ်ကြီးဈေး
အသက်(၉၃)နှစ်

ဝါးခယ်မမြို့နေ(ဦးသာဆင့်–ဒေါ်ချမ်းအေး)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အမှတ် ၁၁၈၁ နေ (ဦးပုအိုင်)၏ဇနီး၊ ဦးစစ်တင်(ဒုညွှန်မှူး၊ အလည၊ ငြိမ်း)–ဒေါ်မြင့်မြင့်၊ (ဒေါ်ယဉ်လှ)၊ ဒေါ်အေးကြိုင်တို့၏မိခင်၊ ဦးတင်ငွေ–ဒေါ်အေးမြင့် (စက္ကူပုံနှိပ်၊ ငြိမ်း)တို့၏အဒေါ်၊ ဦးမင်းအောင်–ဒေါ်ခိုင်ခိုင်တင်(မင်းအောင်စာပေ၊မန္တလေး)၊ ဒေါ်လှိုင်လှိုင်တင်၊(ဦးဇော်ဝင်း)၊ဒေါ်ယဉ်ယဉ်မြင့်၊ ကိုသန့်ဇင်တို့၏အဘွား၊ မောင်အောင်ခန့်၊ မအေးသက်ခိုင်၊ မောင်မြတ်သူတို့၏အဘွားသည် ၂၆–၁–၂၀၀၄ရက် နံနက် ၇:၄၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၈–၁–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ရီ(ခ)ဒေါ်မျိုးရီ
(ဟသ်ာတ)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၈လမ်း၊ အမှတ် ၉၄၊ ၉၆ နေ (ဦးဖိုးသန့်–ဒေါ်မြ)ဟသ်ာတတို့၏ သမီး၊ ဦးမြင့်သူ–ဒေါ်ဝါတင်၊ဦးလှမိုး၊ဒေါ်သန်းသန်းအေး–ဦးလှမင်း၊ ဒေါ်ခင်မေဦး၊ ဦးဝင်းမြင့်–ဒေါ်ဝင်းကြည်၊ ဒေါ်ခင်နှင်းအေး–ဦးလှမြင့်တို့၏အဒေါ်၊ ရန်ကုန်မြို့၊ အမှတ် ၈၊ ဦးထွန်းမြတ်လမ်းနေ ဦးကံထွန်းကြည်–ဒေါ်ယဉ်မျိုးစု၊ မကြည်ဇာဝင့်၊ မောင်အောင်ဦးကြည်တို့၏ မွေးစားမိခင်ကြီး၊ ကိုရဲမြင့်သူ၊ မမွန်မွန်မြင့်သူ၊ မောင်ကျော်သူအောင်၊ မအေးစုမွန်တို့၏ အဘွားသည် ၂၅–၁–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၀၀:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇–၁–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ဦးထွန်းမြတ်လမ်း နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ဇရပ်အမကြီး
ဒေါ်ခင်ထွေး (ရေနံချောင်း)
မိသားစုထမင်းဆိုင်
မန္တလေးမြို့
အသက်(၇၆)နှစ်

ရေနံချောင်းမြို့၊ မြို့မတောင်ရပ်နေ (ဦးသန်းဖေ–ဒေါ်မြရီ)တို့၏ သမီး၊ (ဦးမောင်မောင်–ဒေါ်မြသိန်း)၊ (ဦးဘရှင်–ဒေါ်ခင်ကြည်)တို့၏ညီမ၊ ဦးစိန်လှိုင်–(ဒေါ်ဝင်းကြည်)၊ (ဦးစိန်မြိုင်)–ဒေါ်တင်တင်၊ ဒေါ်ခင်အေး၊ ဦးမြသန်းတင့်–ဒေါ်မြင့်မြင့်ဝင်းတို့၏အစ်မသည် ၂၆–၁–၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၂:၄၅နာရီတွင်ကွယ်လွန်ပါ၍ ၂၇–၁–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ဈေးချိုနေအိမ်မှ ကြာနီကန်သုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်ခင်ညွန့် (ကျိုက္ကမီ)
အသက်(၈၃)နှစ်

ကျိုက္ကမီမြို့နေ [စက်ဆရာ ဦးကတုံး(ခ)ဦးသာဖေ]၏ ဇနီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉)ရပ်ကွက်၊ အမှတ် ၂၆ နေ ဦးအုန်းသန်း(အကောက်ခွန်၊ ငြိမ်း)–ဒေါ်တင်လှိုင်၊ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းရပ်ကွက်၊ အမှတ် ၉/၉၄ နေ ဦးတင်ဝင်း(အကောက်ခွန်၊ ငြိမ်း)–ဒေါ်သိန်းကြည်(အထပ်သား–၂၊ ငြိမ်း)၊ လှိုင်မြို့နယ်၊ ရတနာသစ်အိမ်ရာ၊ တိုက်(ဃ)၊ အခန်း ၅ နေ ဦးကိုလေး–ဒေါ်အုန်းသိန်း(အထပ်သား–၂)၊ တိုက် ၈၊ အခန်း ၁၄ နေ ဦးအောင်နိုင်–ဒေါ်ခင်ဝင်းကြည်(အထပ်သား–၂)၊ လှိုင်မြို့နယ်၊အမှတ်(၂)ရပ်ကွက်၊ တိုက် ၁၃၉၊ အခန်း ၁၅ နေ ဦးအေးမြင့်–ဒေါ်သိန်းနွဲ့(အုန်း–၄က်ပျော်ပွဲရုံ)၊ ရွှေပြည်သာမြို့နယ်၊ (၅/၆)ရပ်ကွက်၊ အမှတ် ၇၉(က)နေ ဦးကြည်ဝင်း–ဒေါ်မေခင် (မိုးကမ္ဘာကဖီး)၊ ဦးသိန်းဝင်း(အကောက်ခွန်)တို့၏မိခင်၊မြေး ၁၅ယောက်၊ မြစ် ငါးယောက်တို့၏အဘွားသည် ၂၆–၁–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၁–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဒညင်းကုန်းနေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောထီးမူ
B.Sc (Physics)
တောင်ကြီးတက္ကသိုလ်
အသက်(၃၅)နှစ်

လှိုင်ကော်မြို့၊ ချိုကယ်ထေးသမရပ်ကွက်နေ ဦးရှားရယ်–(ဒေါ်ကုမယ်)တို့၏ သားလတ်၊ ဦးစောဝါးဝေ–ဒေါ်နော်ရာခေးလာတို့၏ သားသမက်၊ ဦးဘော်ရယ်–ဒေါ်မယ်မို၊ ဦးတီရယ်–ဒေါ်ကလောမြာ၊ ဒေါ်ဘူးမြာ၊ ဦးတော်ရယ်–ဒေါ်ဖောမယ်တို့၏မောင်၊ ဦးတီရယ်–ဒေါ်ငါးမြာ၊ နော်အယ်ဝါး၊ နော်ချယ်ရီ၊ ဦးဆန်းမင်းထွေး–နော်အယ်ဖော၊ နော်မေထူး၊ စောဘျားရယ်ရှားတို့၏ အစ်ကိုကြီး၊ ဒေါ်ထူးဖော၏ခင်ပွန်း၊ နော်အယ်ဝါးမူး၊ စောကလိုစေးဝါးမူးတို့၏ ဖခင်သည် ၂၁–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃–၁–၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် သရီဒေါဘုရားကျောင်း၌ဝတ်ပြုပြီး ခရစ်ယာန်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကိုဝင်းနိုင်ဦး
B.A (မြန်မာစာ)
အသက်(၃၉)နှစ်

ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကံဘဲ့ဘူတာရုံလမ်း၊ အမှတ် ၁၁၇ နေ ဦးသိန်း–ဒေါ်ရင်မြတို့၏ သားကြီး၊ ကိုခင်မောင်ညို–မခင်နုကြည်၊ ကိုဝင်းလှိုင်ထွန်း–မလဲ့လဲ့ကြူ၊ကိုဝင်းခိုင်ထွန်း–မသီတာတို့၏အစ်ကိုကြီး၊ တူ တူမလေးယောက်တို့၏ဘကြီးသည် ၂၆–၁–၂၀၀၄ရက် နံနက် ၀၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၁–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးကြီးဟော်
ရေတာရှည်မြို့နယ်
မြို့လှမြို့
အသက်(၈၄)နှစ်

အမှတ် ၆၀၊ စပါယ်ခြံ ၂ လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဒေါ်ကေတီ)၏ခင်ပွန်း၊ ဦးကြီးမြင့်၊ ဒေါ်ခင်စောလင်း၊ ဒေါ်တင်မြ၊ ဦးထွန်းလင်း–ဒေါ်စန်းစန်းမြင့်၊ ဒေါ်ရန်ကြူ၊ ဦးမြင့်လွင်–ဒေါ်ခင်မြင့်၊ ကိုဌေးလွင်တို့၏ဖခင်၊ ဦးအောင်ထိုက် (စိတ်တိုင်းကျ)တို့၏ဘကြီး၊ မြေး ငါးယောက်တို့၏အဘိုးသည် ၂၆–၁–၂၀၀၄ရက် နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၁–၂၀၀၄ရက် နံနက် ၁၁:၃၀ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဆုတောင်းပြည့်ဘုရားလေး
ဒါယကာကြီး
ဦးမောင်မောင်ကြီး
ရွှေ့ပြောင်းယာဉ်ထိန်းရဲကြပ်ကြီး
(အငြိမ်းစား)
အသက်(၈၄)နှစ်

(ဦးထွန်းမောင်–ဒေါ်သိန်း)တို့၏သား၊ ဒေါ်ခင်စိုး၏ခင်ပွန်း၊ ဒေါ်အုန်းညွန့်၊ (ဒေါ်မြင့်ကြည်)၊ ဒေါ်မြင့်ဝင်းတို့၏မောင်၊ (ဒေါ်ခင်ခင်)၏အစ်ကို၊ ဦးထွန်းအောင်–ဒေါ်ခင်နှင်းဝေ၊ ဦးစောလွင်–ဒေါ်ချိုတို့၏ဦးလေး၊ ကိုမျိုးဝေထွန်း၊ ကိုဖြိုးဝေထွန်း၊ ကိုကျော်မျိုးထွန်း၊ ကိုအောင်ဝင်း၊ ကိုမြတ်ခိုင်–မအေးအေးမြင့်၊ မဝင်းမာဦး၊ မအေးအေးမာတို့၏ အဘိုး၊ မောင်သန့်ဇင်၏ဘိုးဘိုး၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင် စံပြရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဆုတောင်းပြည့်ဘုရားလေးဝင်းနေ ဦးမောင်မောင်ကြီးသည် ၂၆–၁–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁:၀၅ နာရီတွင် ဿျင်ပါကူ အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၈–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ဆုတောင်းပြည့် ဘုရားလေးမှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ဇရပ်အမကြီး
ဒေါ်ခင်ထွေး (ရေနံချောင်း)
မိသားစုထမင်းဆိုင်
မန္တလေးမြို့
အသက်(၇၆)နှစ်

မန္တလေးမြို့၊ ၂၇/၂၈ လမ်းကြား၊ တောင်ဘက်တိုက်တန်း၊ အနောက်ဘက်လမ်းသွယ်နေ ဦးကြည်တင်–ဒေါ်မြင့်မြင့်အေး၊ ဒေါ်မြင့်မြင့်ရီ၊ ဦးဇော်မင်း–ဒေါ်မွှေးမွှေး၊ ဦးဇော်ဝင်းတို့၏မိခင်၊ ကိုမိုးဇော်–မမြင့်မြင့်ခင်၊ ကိုစိုးစိုး–မမိုးမိုး၊ ကိုကြင်–မဥမ္မာ၊ ကိုကျော်ကျော်အောင်–မမိုးမိုးစံ၊ ဆုအိန္ဒြာဇော်(အထက–၈)၊ (သူရိန်ဇော်)၊ ဝေယံဇော်(အထက–၂၊ လသာ)၊ အိမ့်သီရိဇော်တို့၏အဘွား၊ မြေးရှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၆–၁–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇–၁–၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၂ နာရီတွင် ဈေးချိုနေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးခင်မြင့်
(ကျားမင်း ငရုတ်သီးမှုန့်)
ညောင်လေးပင်ဈေး
ဘိုကလေးမြို့
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့သစ်၊ အောင်သီရိလမ်း၊ အမှတ် ၁၅၇ နေ ဒေါ်ချောချော၏ခင်ပွန်း၊ ကိုအောင်ဇော်မိုး–မခင်စောဝင်း၊ ကိုကျော်စွာအောင်–မခင်မြဝင်း၊ ကိုမျိုးသန်း–မအိအိဆွေတို့၏ဖခင်သည် ၂၆–၁–၂၀၀၄ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။ ညောင်လေးပင်ဈေးမှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တပဏ္ဏဝ
နိုင်ငံတော်သြဝါဒါစရိယ(ကျောက်ဖြူမြို့)
သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ
အင်းတောင်၊ ဘဟန်းတောင်နှင့်
ဓမ္မဟိတပဝါရဏာဂိုဏ်းတို့၏ဂဏာဓိပတိ(ဂိုဏ်းချုပ်)
ဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော်
သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ဘုရားကြီးကျောင်းတိုက်၏ ဦးစီးပဓာနနာယက သာသနဓဇသိရီပဝရဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယဖြစ်တော်မူသော ဘဒ္ဒန္တပဏ္ဏဝ မဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၄ ရက် (၂၅–၁–၂၀၀၄ရက်) တနင်္ဂနွေနေ့ ည ၉:၁၅ နာရီတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၅၀)ရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အောင်မြေရတနာကျောင်းတိုက်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကျောက်ဖြူမြို့ ဘုရားကြီးကျောင်းတိုက်သို့ ပင့်ဆောင်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကမ်းထောင်းကြီး အုတ်ကျောင်းဆရာတော်နှင့်
ဘုရားကြီးတိုက်အုပ်ဆရာတော်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ သာသန
သက်တော်(၅၈)နှစ်၊ သိက္ခာတော်(၃၈)ဝါ

မကွေးတိုင်း၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ နှမ်းခါးကျေးရွာ သာသနာ့ပါလကျောင်းတိုက်၌ သီတင်းသုံးတော်မူသောကျေးဇူးတော်ရှင် ဘဒ္ဒန္တသာသန(မြို့နယ်သံဃနာယကအဖွဲ့၊ ရွှေကျင်)သည် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီးဖြစ်ရာ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော် အန္တိမအဂ္ဂိဈာပန အခမ်းအနားကို ၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၁၂ ရက် (၂–၂–၂၀၀၄ရက်) တနင်္လာနေ့တွင် ကျင်းပပူဇော်မည်ဖြစ်ကြောင်း တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကော်မတီနှင့် တပည့်ဒါယကာ ဒါယိကာမများ၊နှမ်းခါးကျေးရွာ။

ဦးငွေခိုင် (သိမ်ချောင်း)
အသက်(၉၀)

ရန်ကင်းရေစက်၊ တိုက် ၃၅ အနီး၊ (၄)ရပ်ကွက်၊ တိုက်ငါးလုံးတန်းနေ (ဦးဘိုးဟန်–ဒေါ်စိန်နက်)တို့၏ သား၊ (ဒေါ်လှရီ)၏ခင်ပွန်း၊ ဒေါ်ခင်မေကြည် (ရသုံးဦးစီး)၊ ဒေါ်ခင်စန်းရီ (လဝက ရုံးချုပ်)၊ (ဦးမြင့်ဆွေ)–ဒေါ်ခင်ကြည်၊ ဦးသန်းအေး – ဒေါ်ခင်သန်းမူ (၅၀၊ ဒေသန္တရ၊ ဒဂုံမြောက် ကျန်းမာရေး)၊ ဦးဌေးလွင်–ဒေါ်ခင်ခင်စိုး၊ ဦးစန်းလွင် (ကကငွေ)–(ဒေါ်သန်းကြွေ)၊ ဦးအေးလွင်၊ ဒေါ်ယုယုခိုင်၊ ဒေါ်ချိုချိုခိုင် (အလက–၇၊ မ/ဥ)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၅–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၇–၁–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းရွှေ (ဝါးဇီ)
အသက်(၇၂)နှစ်

ပခုက္ကူမြို့နေ (ဦးမဲ–ဒေါ်နန်းပေါ)တို့၏သမီး၊ဝါးဇီနေ[အရာခံဗိုလ်ဦးကျော့(ငြိမ်း)]၏ဇနီး၊ (ဦးကြည်မောင်–ဒေါ်ခင်ဝင်း)၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်းနှင့်ဗိုလ်ချုပ်လမ်းထောင့်၊ ဒိုင်းမွန်းအချိုရည် စက်ရုံဝင်းနေ ဦးခင်မောင်မြင့်(စက်မှု–၁၊ ဒိုင်းမွန်းအချိုရည်)–ဒေါ်ဝင်းကြည်(ဆပ်ပြာ–၁)၊ဦးကျော်ဝင်း၊ ဦးညွန့်ဝင်း–ဒေါ်ဝင်းမေ(နွေးအလှပြင်–ဖော့ကန်)၊ ဦးမျိုးဝင်း–ဒေါ်ကြည်ကြည်ခိုင်၊ ဒေါ်ဝင်းဝင်းမော်၊ ဦးဟန်ဝင်းအောင်–ဒေါ်နှင်းနှင်းအေးတို့၏ မိခင်၊ မြေး ၁၇ ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၆–၁–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၁–၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ဟန်ရီ (ထူးကြီး)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၂ လမ်း၊ အမှတ် ၂၅၆ နေ (ဦးကျော်သင်)၏ဇနီး၊ဦးမောင်မောင်–ဒေါ်သန်းဝင်း၊ (ဦးထူးအောင်–ဒေါ်မြင့်မြင့်သိန်း)တို့၏မိခင်၊ မောင်ကျော်သူရမောင်၊ မောင်ဝင်းသူရမောင်၊ မဇာဇာအောင် (Grand Pharmaceliticals Co.,Ltd.)၊ မောင်မင်းမင်းအောင်၊ မအိအိအောင်တို့၏အဘွားသည် ၂၅–၁–၂၀၀၄ ရက် ညနေ ၄:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၁–၂၀၀၄ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးချစ်စိန် (မြင်းကကုန်း)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၄၁၉၊ (ဈ)ရပ်ကွက်၊ ဝေဘာဂီလမ်းမကြီးနေ (ဦးမောင်မျှင်–ဒေါ်ဖွားသန့်)တို့၏သား၊ (ဦးဖိုးစိန်–ဒေါ်မေရှင်)တို့၏သမက်၊ ဒေါ်မြညွန့်၏ခင်ပွန်း၊ ကိုအေးသန်း–ဒေါ်အေးမြင့်၊ ကိုတင်ထွန်း–ဒေါ်ခင်အုန်းမြင့်၊ ကိုတင်ရွှေ–ဒေါ်မြင့်မြင့်စန်း၊ကိုအေးကို–မခင်ဝင်း၊ ကိုတင်ယု–မယဉ်ယဉ်ရွှေ၊ ကိုသိန်းဇော်–မသန်းသန်းနု၊ ကိုညွန့်နိုင်–မစန်းစန်းယုတို့၏ဖခင်၊ မြေး ၂၄ ယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၅–၁–၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်ပါ၍ ၂၇–၁–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ဇရပ်၊ရေတွင်း၊
အုတ်တံတိုင်း ဒါယကာ
ဦးအောင်မြိုင်
အသက်(၇၆)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းနေ (ဦးဖိုးဉာဏ်–ဒေါ်သန့်)တို့၏သား၊ ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ်၊ (ယခင်တမံဦးကျေးရွာ) ယခုမြိုင်သာယာကွက်သစ်နေ (ဦးစံရှင်–ဒေါ်အေးစိန်)တို့၏သားသမက်၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ အမှတ် ၂၃၊ နတ်ချောင်း ၂ လမ်းနေ ဒေါ်တင်ရီ၏ခင်ပွန်း၊ ဒေါ်စမ်းရီမြိုင်–ဦးသန်းဝင်း၊ ကိုဆန်းရီအောင်၊ ဒေါ်စိုးစိုးတင်–ဦးမျိုးဆက်၊ ဒေါ်ချိုချိုတင်–ဦးထွေးဝင်းအောင်၊ ဦးအောင်မော်–ဒေါ်အေးအေးမြင့်၊ ဒေါ်ညိုညိုတင်–ဦးသော်တာဇော်၊ မောင်သိန်းဇော်ကိုတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၂၆–၁–၂၀၀၄ရက် ၂:၃၀ နာရီတွင် UHC အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈–၁–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်မောင်မြင့်
(အလပြ၊အထက–၁၊ညောင်တုန်း)
အသက်(၅၃)နှစ်

ညောင်တုန်းမြို့၊ အမှတ်(၄)ရပ်ကွက်၊ ၅လမ်းနေ (ဦးစိန်ကျော်–ဒေါ်သန်းမြင့်)တို့၏သား၊ အမှတ် ၇၁၊ ၇ လမ်းနေ (ဒုတိယဗိုလ်မှူးကြီးစံညွန့်–ဒေါ်ခင်ညိမ်း)တို့၏သားသမက်၊ ဒေါ်ချိုချို၊ ဒေါ်တင်ကြည်တို့၏မောင်၊ဒေါ်ခင်လှဝင်း(အလပြ၊ အထက–၁၊ညောင်တုန်း)၏ ခင်ပွန်းသည် ၂၅–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၇–၁–၂၀၀၄ရက်တွင် ငြိမ်းချမ်းမြေသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင် စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့အကြို မြန်မာ့အလင်းသတင်းစာ အထူးကဏ္ဍများဖြင့် ဂုဏ်ပြုတင်ဆက်မည်



၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းဝင် (၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ် ဖြစ်ပါသည်။ ယနေ့ကာလတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားညီအစ်ကိုများအားလုံးသည် မည်သည့်ခေတ်ကာလကမျှ မရရှိခဲ့သည့် စည်းလုံးညီညွတ်မှုကို ရရှိခဲ့သည့်အပြင် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့သည် ကျောက်သားကျောက်စိုင်ပမာ ခိုင်ကျည်မြဲမြံလျက်ရှိပါသည်။ ပြည်ထောင်စုစိတ်ဓာတ် သန္ဓေတည်ရာ ပင်လုံမြေကို ဦးညွှတ်ဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း၊ တိုင်းရင်းသားညီအစ်ကိုများ၏ စည်းလုံးညီညွတ်ခြင်းနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်ကျည်မြဲမြံခြင်းကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာကို ထူးခြားဆန်းသစ်သော အပြင်အဆင် ကဏ္ဍတို့ဖြင့် ဇန်နဝါရီ ၂၉ ရက်မှ စတင်၍ ဖော်ပြသွားမည် ဖြစ်ပါသည်။

ယင်းကဏ္ဍများတွင် ခေါင်းကြီး၊ ဆောင်းပါး၊ သတင်းဆောင်းပါး၊ တွေ့ဆုံမေးမြန်းခန်း၊ သမိုင်းပုံရိပ်လွှာ၊ မျက်မှောက်နိုင်ငံတော်၏ တည်ဆောက်ရေး မြင်ကွင်းအဖုံဖုံနှင့် ကဗျာ၊ ကာတွန်းတို့ဖြင့် ဝေဝေဆာဆာ တင်ဆက်သွားမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပရိသတ်အား ကြိုတင်သတင်းစကားပါးအပ်ပါသည်။

(မြန်မာ့အလင်း)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Watana Muangsook ခေါင်းဆောင်သော ထိုင်းနိုင်ငံကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဿုသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံတွင်ရောက်ရှိနေသော ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး **H.E. Mr. Watana Muangsook** ခေါင်းဆောင်သော ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဿုသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

လာအိုဒုတိယဝန်ကြီးချုပ်နှင့်ဇနီး ရန်ကုန်မြို့ရောက်ရှိ အတွင်းရေးမှူး(၁)နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်

ရန်ကုန် ဇန်နဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ်နှင့် ဇနီး မဒမ်နာလီဆီဆူလစ်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။ **(အောက်ပုံ)**

စာမျက်နှာ ၁၀ ကော်လံ ၁ ▼

ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး အထူးအလေးထားဆောင်ရွက်နေ မြန်မာနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ အထူးစိုးရိမ်စရာမရှိ

တွေ့ဆုံမေးမြန်းသူ – ဇွေးကြည်၊ ဓာတ်ပုံ – ဇွေးအောင်(ကြေးမုံ)

ရန်ကုန် ဇန်နဝါရီ ၂၆

ယခုအခါ အာရှ–ပစိဖိတ်ဒေသအတွင်း ကြက်ငှက်မှ တစ်ဆင့်လူကိုကူးစက်ကာ အသက်ဆုံးရှုံးနိုင်သည့် ကြက်ငှက်တုပ်ကွေးရောဂါသည် တစ်နိုင်ငံမှတစ်နိုင်ငံသို့ကူးစက်ကာ ကြက်မွေးမြူရေးခြံများရှိ ကြက်များသို့လည်းကောင်း၊ ထိုမှတစ်ဆင့် ကြက်များနှင့် အနေနီးသည့် လူများသို့လည်းကောင်း ကူးစက်ပျံ့နှံ့နေကြောင်း သတင်းများကြားသိခဲ့ရသည်။ ထို့ကြောင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထွန်း **(ဝဲပုံ)**နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင်အေးကြည်တို့ထံသို့ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✡